တိမ်အသင့်
အတင့်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

# မြန်မာ့အလင်း

ဝိရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၁၆၅]
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
[13-3-2016]
MYANMA ALINN SUNDAY ISSUE


# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်သုံးဆင့်ဖြင့် တိုးချဲ့သွားနိုင်ရေးဆောင်ရွက်လျက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ခရီးသည်အဆောက် အအုံသစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲတက်ရောက်

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံတကာ သံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရေးဦးစွာ လေယာဉ်မှူးလောင်း မောင်မင်းထက်ဦး၊ ကင်းထောက်လူငယ် မောင်ရဲစွမ်းရည်နှင့် ထူးချွန်လူငယ် မသိမ့်အိချိုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✳

## ယခု လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ၁၁ လိုင်းနှင့် ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်း ဝင်ရောက်ပြေးဆွဲလျက်ရှိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ကောင်းမွန်သော ရေအရင်းအမြစ်

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ခုပင်ဖြစ်၏။ ကျွန်ုပ်တို့ ကမ္ဘာမြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားသော်လည်း လူတို့သုံးစွဲနိုင်သော ရေပမာဏသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာ့ရေထုကို ပင်လယ်သမုဒ္ဒရာများရှိ ရေငန်များက ၉၆ ဒသမ ၅ ရာခိုင်နှုန်း ဖုံးလွှမ်းထားသည်အလျောက် ရေချိုရရှိမှုမှာ အလွန်ပင်နည်းပါးသည်။

ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာပေါ်တွင် လူပေါင်းသန်း ၇၀၀၀ ကျော်ရှိသည့်အနက် သန်း ၁၀၀၀ ခန့်မှာ ဘေးကင်းလုံခြုံသောရေကောင်းရေသန့်ကို လုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိကြောင်း သိရသည်။ ထို့ကြောင့် လူတို့အနေဖြင့် ဘေးကင်းလုံခြုံသော ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လာသည်။ Fresh Water ဟုခေါ်သော ရေချိုကိုလူတို့အနေဖြင့် နေ့စဉ်သုံးစွဲနေကြရသည်။ ရေချိုကို သောက်သုံးရန်အတွက်လည်းကောင်း၊ လျှော်ဖွပ်ရန်အတွက်လည်းကောင်း၊ ချက်ပြုတ်ရန်အတွက် လည်းကောင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက်လည်းကောင်း မရှိမဖြစ် နေ့စဉ်သုံးစွဲနေကြရသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ရေချိုကို ရေတွင်းရေကန်များနှင့် မြစ်ချောင်းအင်းအိုင်များမှ ရရှိသည်။ ရေချိုကို မိုးတွင်းကာလတွင် လုံလောက်စွာသုံးစွဲနိုင်သည်ဆိုသော်လည်း ယခုကဲ့သို့ နွေရာသီကာလတွင် မြန်မာနိုင်ငံ၏ဒေသအချို့၌ ရေရှားပြတ်လပ်မှုများ ကြုံတွေ့ရလေ့ရှိသည်။ ရေချိုအရင်းအမြစ်ကောင်းများကို တစ်ဆယ့်နှစ်ရာသီကာလပတ်လုံး လုံလောက်ပြည့်ဝစွာသုံးစွဲနိုင်ရန် လိုအပ်လာသည်။ လူတိုင်း လူတိုင်းသန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်မှသာလျှင် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

လူတိုင်း လူတိုင်းရေချိုအရင်းအခြစ်များကို ထိန်းသိမ်းကြပြီး သန့်ရှင်းသောသောက်သုံးရေများကို သုံးစွဲလာနိုင်ကြစေရန် ရည်ရွယ်လျက် ကမ္ဘာ့ရေနေ့အခမ်းအနားကို မတ် ၁၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်၌ ကျင်းပလျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်သည်ကား "ကောင်းမွန်သော ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆီသို့" ဟူ၍ဖြစ်ပါသည်။ ရေတွင်း၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်အသီးသီးတို့ရှိ ရေချိုအရင်းအမြစ်ကောင်းများကို ညစ်ညမ်းမှုမရှိအောင် လူတိုင်းအသိစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းကြရန် အသိပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ မြစ်ချောင်းများအတွင်း အမှိုက်သရိုက်များစွန့်ပစ်ခြင်း၊ စက်မှုလုပ်ငန်းသုံးပစ္စည်း အကြွင်းအကျန်များ စွန့်ပစ်နေခြင်းကို ရှောင်ကြဉ်ကြဖို့လိုအပ်လာပါသည်။ ရေတွင်း၊ ရေကန်များ ရာသီမရွေးသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်သင့်ပါသည်။ သို့ဖြစ်၍ ကောင်းမွန်သောရေအရင်းအမြစ်များကို ယခုထက်ပိုမိုထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

## အကနိ ပညာသင်ဆု အရန်သားဖွားဆရာမသင်တန်း ဒုတိယအကြိမ်ဖွင့်

ကျောင်းကုန်း မတ် ၁၂

ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းနှင့် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် AKANE "အကနိ" ပညာသင်ဆုဖြင့် ဆောင်ရွက်နေသော ကျောင်းကုန်းမြို့နယ် စီမံချက်ဒုတိယနှစ်(၂၀၁၆)ခုနှစ် အရန်သားဖွားဆရာမ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲနှင့် စီမံချက်ဖွင့်ပွဲအခမ်းအနားကို ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က အမှာစကားပြောကြားပြီးMJCPမှ ကိုယ်စားလှယ်တစ်ဦးက လျှာဒါန်းရခြင်းအကြောင်းကို ပြောသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က သင်တန်းအခြေအနေကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့သည်။

အဆိုပါ အရန်သားဖွားသင်တန်းကို ပထမအကြိမ် သင်တန်းသား ၃၅ ဦး ဖွင့်လှစ်ပေးခဲ့ပြီး ယခုဒုတိယအကြိမ်တွင် သင်တန်းသား ၂၀ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသားအဟောင်းနှင့်အသစ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(မြန်/ဆက်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကသာမြို့ ခရိုင်ဆေးရုံဝင်းအတွင်း စက်ရေတွင်းတူး

ကသာ မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ခရိုင်ဆေးရုံဝင်းအတွင်း၌ စက်ရေတွင်းတစ်ခု တူးဖော်နေကြောင်း သိရသည်။



အဆိုပါစက်ရေတွင်းကို အလှူရှင် "ယုစင်"ရွှေဆိုင်မှ လှူဒါန်းခြင်းဖြစ်ပြီး ခရိုင်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များ၊ သူနာပြုများ၊ အလုပ်သမားများ၊ လူနာများ၊ လူနာစောင့်များ နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိစေရန်နှင့် ဤစက်ရေတွင်းအား ကသာခရိုင်ဆေးရုံကြီး ရေရှည်အသုံးပြုနိုင်ရန်အတွက် ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း အလှူရှင်က ပြောပြသည်။

အဆိုပါစက်ရေတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် ကသာခရိုင်စီ/ခန့်ဥက္ကဋ္ဌ ဦးကျော်ကျော်အန်း၊ ခရိုင် ဆရာဝန်ကြီးဒေါက်တာဝဏ္ဏသောင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် စေတနာရှင်များမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ လှအောင်(ကသာ)

## ကျေးရွာနေပြည်သူများအတွက် စာကြည့်တိုက်ဖွင့်

ဘားအံ မတ် ၁၂

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ကိုးလေးကျေးရွာ ကွမ်းတောကျေးရွာနေ ဒေသခံ တိုင်းရင်းသားပြည်သူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် ရည်ရွယ်ပြီး မတ် ၁၂ ရက် နံနက်ပိုင်းက ပညာအလင်းအမည်ရှိသော ကျေးရွာစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်အား နိုင်ငံတော်မတည်ငွေကျပ် သိန်း ၂၀ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ၁၀ သိန်းနှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေ ၁၄သိန်း စုစုပေါင်း ၄၄ သိန်းတို့ဖြင့် အလျား၂၇ ပေ အနံ ၁၆ ပေရှိ တစ်ထပ်အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံ စာကြည့်တိုက်တစ်ဆောင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် စာပေဖတ်ရှုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ရှမ်းရွာသစ်(မြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၁၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၁၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၈၅၀၁၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ | - ၅၇၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၆၅၀၀ | - ၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၃၅၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၀၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၉·၈ |
| ဥရောပ | တစ်ယူရို | ၁၃၆၃·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂·၅၀ |
| ထိုင်း | တစ်ဘတ် | ၃၄·၆၀၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၁၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၇·၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅·၅၂ |

ခင်ရတနာ-စုစည်းသည်။

# အနာဂတ်မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံဆိုင်ရာ UK-Japan နှီးနှောဖလှယ်ပွဲကျင်းပ




**နေပြည်တော် မတ် ၁၂**

အနာဂတ်မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ UK-Japan နှီးနှောဖလှယ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးကျော်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်တရစ်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ဌာနေကိုယ်စားလှယ် မစ္စတာ ကဲအီချီရိုနာကာဇာဝါ တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသည် မြန်မာနိုင်ငံ၏ အနာဂတ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍများ၊ ဗြိတိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပိုမိုတိုးတက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးစားပေးအစီအစဉ်များ၊ ငွေကြေးအစီအစဉ်များနှင့် နိုင်ငံတကာ အတွေ့အကြုံ အစီအစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဂျပန်နိုင်ငံ နီပွန်ကိုအီနှင့် ဗြိတိန်နိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၁၂**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို တပေါင်းလဆန်း ၆ ရက် (မတ် ၁၄ ရက်)မှ တပေါင်းလပြည့် (မတ် ၂၃)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းသို့ကျင်းပရာတွင် တပေါင်းလဆန်း ၆ ရက် နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်၌ နှစ်ကိုပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံခြင်း၊ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်းနှင့် သံဃာတော်များ၊ သီလရှင်များက ရင်ပြင်တော်အာရုံခံမုခ်ဦးလေးဆောင်တို့၌ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းများကို ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီး ရဟန်းရှင်လူ ပြည်သူများ လာရောက်၍ ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁)ဆင်း

**နေပြည်တော် မတ် ၁၂**

တက္ကသိုလ်ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၁) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ် ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၂၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ၄၆ ဦးအား မိဘများထံပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၁၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာအစီရင်ခံ တင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ် မရောက်သေးသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်၍ နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၄၆ ဦး တပ်မံစိစစ်တွေ့ရှိရသဖြင့် ၎င်းတို့၏ မိဘများထံ ပြန်လည် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်သည်။

ရေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးတိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် တောက်ထွန်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Shalini Bahuguna တို့က အမှာစကားများပြောကြားကြသည်။

တို့နောက် တပ်မတော်မှ နုတ်တွက်ခွင့်ပြုသည် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်အကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ပြီး ကလေးများအား မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရသူ



၄၆ ဦးနှင့် ၎င်းတို့၏ မိဘများ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါ နုတ်တွက်ခွင့်ရသူများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်က ပို့ဆောင်ပေးပြီး မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး ဆေးဝါးကုသရန် လိုအပ်မှု ရှိ/မရှိ စစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိရေး လိုအပ်သည် ကျွမ်းတျင်မှုများ သင်ယူရန် ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန် ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်အတွင်း အရွယ်မရောက်သေးသူများကို စိစစ်ဖော်ထုတ်၍ မိဘများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ယခုအကြိမ်အပါအဝင် ၁၂ ကြိမ်ရှိခဲ့ပြီး စုစုပေါင်း ၇၄၄ ဦးကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရွယ်မရောက်သေးသူများအား လုံးဝစုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းမိခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီအထိ ၎င်းစုဆောင်းမှုတွင် တာဝန်ရှိသူအရာရှိ ၇၃ ဦးနှင့် စစ်သည် ၃၀၉ ဦး စုစုပေါင်း ၃၈၂ ဦးကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတ်)**

# စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးနိုင်ငံဖြစ်

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် စင်ကာပူနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းပြင့် အများဆုံး၊ လျှပ်စစ်ကဏ္ဍတွင် ၂၀ ဒသမ ၃၁ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍတွင် ၁၉ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးနှင့် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ၁၈ ဒသမ ၈၄ ရာခိုင်နှုန်းဖြင့် စတုတ္ထအများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၂၃၈၄၀ ဒသမ ၈၇၈ သန်းကျော်ရှိခဲ့ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၈၂၆ ဒသမ ၄၀၃ သန်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၇၆ ဒသမ ၈၀၆ သန်း ဝင်ရောက်ခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **ဝင်းစန္ဒီ**

❍ ကျောဖုံးမှ

မကျော်နိုင်သဖြင့် ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းအတွက် တတိယအနိုင်ဂိုးကို ၆၆ မိနစ်တွင် ကိုကိုမောင်က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် မုံရွာကွင်း၌ ဧရာဝတီအသင်းက ဇေယျာရွှေမြေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအတွက် အနိုင်ဂိုးကို ၅၅ မိနစ်တွင် အောင်ရဲထွဋ်က သွင်းယူပေးခဲ့သည်။

ရခိုင်အသင်းသည်လည်း တန်းတက် Horizon အသင်းကို သုံးဂိုးဖြတ် အနိုင်ယူခဲ့သည်။ ရခိုင်အတွက် အနိုင်ဂိုးများကို အန်ဒရေက နှစ်ဂိုး၊ ဒွေးကိုကိုချစ်က တစ်ဂိုးတို့ သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

ဟံသာဝတီ- ရတနာပုံ

**(သုဝဏ္ဏကွင်း)**

မကွေး - ရှမ်းယူနိုက်တက်



# ကျူးဘားနှင့် အီးယူ ပြန်လည်သင့်မြတ်ရေး သဘောတူညီမှုလက်မှတ်ရေးထိုး

**ဟာဗားနား မတ် ၁၂**

ဥရောပသမဂ္ဂနှင့် ကျူးဘားနိုင်ငံတို့သည် ၁၃ နှစ်ကြာ ဆက်ဆံရေးမပြေမလည်ဖြစ်နေရာမှ ပြန်လည်သင့်မြတ်ရေးသဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲကို သောကြာနေ့က ကျင်းပခဲ့ကြသည်။ ကျူဘားသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမား သမိုင်းဝင်ခရီးသွားရောက်ခဲ့ပြီးနောက် ဆက်ဆံရေးတိုးမြှင့်လာပြီး အဆိုပါ လက်မှတ်ရေးထိုးပွဲ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အီးယူနှင့်ကျူးဘား သက်ဆိုင်ရာ အရာရှိတို့သည် ဟာဗားနား၌ အီးယူနိုင်ငံခြားမူဝါဒရေးရာ အကြီးအကဲ ဖက်ဒရီကာ မွန်ဂါရီနီရောက်ရှိစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သော နှစ်နှစ်ခန့်က လူ့အခွင့်အရေး ပြဿနာရပ်များအပေါ် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်းလည်း သိရသည်။

အခမ်းအနား၌ ကျူးဘား ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘာလာရီတိုမိုရီနိုနှင့် အီးယူညှိနှိုင်းရေးအရာရှိ ခရစ်စတီယန် လက်ဖလာတို့က သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံဆက်ဆံရေးအတွက် ဤနေ့သည် သမိုင်းဝင်နေ့ဖြစ်ကြောင်း မွန်ဂါရီနီက ပြောခဲ့သည်။ သဘောတူညီမှုသည် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကျူးဘားသို့ အကူအညီများပေးရေး အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# မြောက်ကိုရီးယားအရေး တရုတ်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

**မော်စကို မတ် ၁၂**

ဖြောက်ကိုရီးယား၏ နျူကလီးယားလက်နက် ထုတ်လုပ်မှုမှာ လက်ခံနိုင်စရာမရှိကြောင်းကို တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ ထပ်လောင်းကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။ သောကြာနေ့က မော်စကို၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလာဗရော့နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ မကြာသေးမီက မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုများနှင့် ဒုံးကျည်ပစ်လွှတ်မှုအရေးတို့ အပေါ် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အစည်းအဝေးအပြီးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် လာဗရော့က ၎င်းတို့နှစ်ဦးသည် မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်အပေါ် တူညီသည့် သဘောထားများထားရှိကြောင်း ပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးမှ ပြုံယမ်း၏ နျူကလီးယားထုတ်လုပ်မှုအပေါ် အသိအမှတ်ပြု လက်ခံလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၌ နျူလက်နက်ကင်းစင်ရေးကို တရုတ်နှင့် ရုရှားနိုင်ငံတို့က ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝမ်ကပြောသည်။ ဖြောက်ကိုရီးယား နျူကလီးယားအစီအစဉ်အရေးနှင့် ပတ်သက်၍ ခြောက်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်လုပ်ဆောင်သင့်ကြောင်း ဝမ်က အကြံပြုခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ရေကြောင်းကာကွယ်ရေး တိုးမြှင့်လုပ်ဆောင်နေမှုတို့ကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းတို့နှစ်ဦးက ပြောကြားခဲ့သည်။ ဖြောက်ကိုရီးယား၏ လွန်လွန်ကကဲ ခြိမ်းခြောက်မှုများ ပြုလုပ်နေမှုနှင့်ပတ်သက်၍လည်း ရုရှား နိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ဆွေးနွေးခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဝမ်တို့တွေ့ဆုံခဲ့ကြပြီး ယခုနှစ်နွေရာသီတွင် ပူတင်သည် တရုတ်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# ရေနံစိမ်းဈေးနှုန်းထိုးကျနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီပြော

**ပါရီ မတ် ၁၂**

ရေနံစိမ်းဈေးနှုန်းသည် ထိုးကျနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ (အိုင်အီးအေ)က ပြောသည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သောကြာနေ့ ရေနံဈေးကွက်အရ အမေရိကန်နှင့် အခြားနိုင်ငံများတွင် ရေနံထုတ်လုပ်မှုကျဆင်းလာသောကြောင့် ရေနံဈေးကွက်ကျဆင်းလာကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီကပြောသည်။ ဆော်ဒီအာရေဗျနိုင်ငံနှင့် ရုရှားနိုင်ငံအပါအဝင် အဓိကရေနံထုတ်လုပ်သည့်နိုင်ငံကြီးများသည် ရေနံဈေးနှုန်းကို တည်ငြိမ်အောင်ထိန်းထားရန် သဘောတူခဲ့ကြသည်။

ရေနံဈေးကွက်အစီရင်ခံစာဖော်ပြချက်အရ ကမ္ဘာ့ရေနံထုတ်လုပ်မှုသည် လွန်ခဲ့သောလက တစ်နေ့လျှင် ရေနံစည် စုစုပေါင်း ၉၆ ဒသမ ၅ သန်းရှိခဲ့သည်ဟု ပြောခဲ့သည်။ ယင်းတင်ပို့မှုပမာဏသည် ယင်းမတိုင်ခင်လက ရေနံ တင်ပို့မှုထက် တစ်နေ့လျှင် ရေနံစည် ၁၈၀၀၀၀ ခန့် လျော့နည်းသည်ဟုဆိုသည်။ တစ်နည်းဆိုရသော် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ အိုပက်၏ ရေနံတင်ပို့မှုမှာ ထက်ဝက်ခန့်ကျဆင်းသည်ဟု ဆိုရမည်ဖြစ်သည်။ အီရန်၏ ရေနံတင်ပို့မှုဈေးကွက်သည် မျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားစွာ လျော့နည်းလာကြောင်း အစီရင်ခံစာကဖော်ပြသည်။

(အင်န်အိတ်ချ်ကေ)

# တရုတ်(တိုင်ပေ)တွင် ကယ်ဆယ်ရေးရဟတ်ယာဉ်ပျက်ကျ၍ နှစ်ဦးသေဆုံး

**တရုတ်(တိုင်ပေ) မတ် ၁၂**

သောင်တင်နေသည့် TS တိုင်ပေ သင်္ဘောမှ ဆီများယိုဖိတ်၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ရှိ မရှိ စစ်ဆေးဆောင်ရွက်နေစဉ်အတွင်း တရုတ်(တိုင်ပေ) အမျိုးသားလေတပ်ဌာနစုမှ ရဟတ်ယာဉ်တစ်စင်း တရုတ်(တိုင်ပေ) အရှေ့မြောက်ဘက် ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်၌ မတ် ၁၁ ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး တစ်ဦးမှာ အခြေအနေ စိုးရိမ်ရကြောင်း စင်ထရယ်သတင်းအေဂျင်စီ (CNA) က သတင်းဖော်ပြသည်။

အဆိုပါသင်္ဘောသည် စက်ပိုင်းဆိုင်ရာချတ်ယွင်းပြီး ကီးလန်မှ တိုင်ချန်သို့အသွား တရုတ်(တိုင်ပေ) အနောက်ဘက်ကမ်းရိုးတန်းနှင့် မီတာ ၃၀၀ အကွာ၌ သောင်တင်နေခြင်းဖြစ်ပြီး ကုန်တန်ချိန် ၁၃၅၀၀ တင်ဆောင်နိုင်ကာ မှတ်ပုံတင်ထားသည့် ရေယာဉ်တစ်စင်းဖြစ်သည်။ အဆိုပါ သင်္ဘောကို ဟောင်ကောင် အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သော TS သင်္ဘောလိုင်းမှ ပိုင်ဆိုင်ကြောင်း သိရသည်။



ရဟတ်ယာဉ်သည် သင်္ဘောအနီး တွင် ပျက်ကျခြင်းဖြစ်ပြီး ပျက်ကျမှုဖြစ်ပွားပြီး မိနစ် ၉၀အတွင်း လေယာဉ်ပေါ်ပါ ငါးဦးကို ရှာဖွေတွေ့ရှိခဲ့ကာ ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း CNA က သတင်းဖော်ပြသည်။

(ဆင်ဟွာ)

# ဒုတိယမြောက် ဇီကာပိုးရပ်အကူးစက်ခံလူနာကို တွေ့ရှိကြောင်း ဂျပန်အတည်ပြု

**တိုကျို မတ် ၁၂**

ဂျပန်နိုင်ငံကျန်းမာရေးဝန်ထမ်းများက ဘရာဇီးနိုင်ငံသို့ မကြာသေးမီကသွားရောက်ခဲ့သော ဂျပန်နိုင်ငံသူအမျိုးသမီးတစ်ဦးတွင် ဇီကာပိုးရပ်တွေ့ရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

၎င်းအမျိုးသမီးသည် အသက် ၃၀ ခန့်ရှိပြီး ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီစီရင်စုတွင် နေထိုင်သူဖြစ်ကြောင်း ကြာသပတေးနေ့က အဖျားရောဂါနှင့် အနီရောင်အဖုအဝိန့်များထွက်ကာ ဆေးရုံသို့ သွားရောက်ပြသကြောင်း ကျန်းမာရေးဌာနက ပြောသည်။

ကူးစက်ရောဂါဆိုင်ရာ အမျိုးသား အင်စတီကျူုက ၎င်းအမျိုးသမီးကို သောကြာနေ့က သွေးစစ်ဆေးမှုများပြုလုပ်ပြီးနောက် ဇီကာပိုးရပ်ရောဂါပိုးကူးစက်ခံနေရကြောင်း အတည်ပြုခဲ့သည်။ ယခုအခါ သူသည် ကောင်းမွန် သောအခြေအနေရှိကာ နေအိမ်တွင် အနားယူနေကြောင်း သိရသည်။

၎င်းသည် ဘရာဇီးနိုင်ငံသို့ နှစ်ပတ်ကြာသွားရောက်ခဲ့သူဖြစ်ပြီး ဘရာဇီးနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ခြင်ကိုက်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သောမေလကတည်းက လက်တင်အမေရိကတွင် အဆိုပါ ဗိုင်းရပ်ပျံ့နှံ့သည့်အချိန်မှစ၍ ဂျပန်၌ ဒုတိယအကြိမ်မြောက် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

(အင်န်အိတ်ချ်ကေ)

# ဂျီနီဗာ၌ကျင်းပမည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ အဓိကအတိုက်အခံအုပ်စုတက်ရောက်မည်

**ဘေရွတ် မတ် ၁၂**

ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်အနေဖြင့် စစ်အနိုင်ပြင်တင်ရန် ကြိုးစားနေကြောင်း စွပ်စွဲပြောဆိုနေကြသည့်တိုင် တနင်္လာနေ့တွင်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ဆီးရီးယား အဓိကအတိုက်အခံအုပ်စုက ပြောသည်။

ကုလသမဂ္ဂ ကြားဝင်စေ့စပ်မှုဖြင့် ပြုလုပ်သော အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ဆီးရီးယားပဋိပက္ခငါးနှစ်ပြည့်နှင့် တိုက်ဆိုင်နေပြီး အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်စတင်ပြီးနောက် သီတင်းနှစ်ပတ်အကြာတွင် ဂျီနီဗာ၌ ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါ အပစ်အခတ်ရပ်စဲရေးစာချုပ်သည် တိုက်ခိုက်မှုများကို ရပ်တန့်နိုင်ခြင်း မရှိသော်လည်း အကြမ်းဖက်မှုများကို လျှော့ချနိုင်ခဲ့သည်ဟုဆိုသည်။ သောကြာနေ့ တွင် ဆီးရီးယားအနောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွားနေချိန် အရှေ့ပိုင်း၌ အိုင်အက်စ် ချေမှုန်းရေးစစ်ပွဲများ ဆင်နွှဲလျက်ရှိသည်။

ဆီးရီးယားအစိုးရ အတိုက်အခံများအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် သွေးထွက်သံယိုတိုက်ခိုက်မှုများကို အဆုံးသတ်ကာ နိုင်ငံရေးအရ အဖြေရှာသွားနိုင်ရန် တက်ရောက်မည်ဖြစ်ကြောင်း အဆင့်မြင့် ညှိနှိုင်းရေးကော်မတီက သောကြာနေ့တွင် ပြောသည်။

(ရိုက်တာ)




နိုင်ငံတော်သမ္မတဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

*** ရှေ့မှ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၁၉၅၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ပြာသိုလဆန်း ၈ ရက် (၁၉၅၇ ခုနှစ် ဇန်နဝါရီ ၈ ရက်)တွင် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦး ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ယင်းစဉ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အရှေ့တောင်အာရှတွင် Regional Hub အဖြစ် အသိအမှတ်ပြုခံခဲ့ရပါကြောင်း။

ယင်းစဉ်က တည်ဆောက်ခဲ့သော လေဆိပ်အဆောက်အအုံ၏ အရွယ်အစားသည် အသုံးပြုခဲ့သည့် လေယာဉ်များ၏ အရွယ်အစားနှင့် ခေါ်ကိုရေတို့အရ သယ်ဆောင်ခဲ့သည့် လေဆိပ်ခရီးသည် အရေအတွက်ကို နှစ်ပေါင်း ၃၀ ကျော် နိုင်နင်းစွာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တိုးတက်များပြားလာသည့် ပြည်တွင်းပြည်ပ လေယာဉ်စီးခရီးသည် အရေအတွက်ကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အလျား ပေ ၃၄၀၊ အနံပေ ၁၄၀ ရှိ RC နှစ်လပ် လေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်အသုံးပြုခဲ့ပါကြောင်း။

ဆက်လက်ပြီး လေယာဉ်စီးခရီးသည်ဦးရေ များပြားလာသည်အတွက် ၂၀၀၄ ခုနှစ်တွင် မူလလေဆိပ် အဆောက်အအုံအား အလျား ၃၈၂ ပေ၊ အနံ ၂၀၆ ပေနှင့် အပြင့် ၆၈ ပေရှိ လေဆိပ်အဆောက်အအုံသစ်အဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း၊ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ခြင်းနှင့်အတူ အလျား ပေ ၆၀၀၊ အနံပေ ၆၀၀ ရှိ Parking Area ကိုလည်း တည်ဆောက်ခဲ့ပြီး တစ်နှစ်လျှင် ခရီးသည်ဦးရေ ၂ ဒသမ ၇ သန်းအထိ အသုံးပြုနိုင်ခဲ့ပါကြောင်း၊ Terminal အသစ်တွင် Passenger Boarding Bridge လေးခုနှင့် နိုင်ငံတကာလေဆိပ်များ၏ အင်္ဂါရပ်များနှင့်အညီ ယှဉ်သွင်းတည်ဆောက်ခဲ့ပါကြောင်း။

မိမိတို့အစိုးရသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်းနှင့်အတူ Private Sector Participation ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာ လေဆိပ်များဖြစ်သည့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်များကိုလည်း PPP စနစ်အရ တိုးချဲ့ပြုပြင်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် International Tender ခေါ်ယူခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ပြုပြင် တည်ဆောက်ရန်အတွက် Yangon Aerodrome Services Co., Ltd မှ တင်ဒါအောင်မြင်ခဲ့ပြီး ဇန်နဝါရီ ၆ ရက်တွင် Concession Agreement ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခုဖွင့်လှစ်သည့် လေဆိပ်အဆောက်အအုံသစ်သည် အလျား မီတာ ၂၄၀၊ အကျယ် ၉၇ ဒသမ ၇ မီတာရှိ RC & Steel Building ဖြစ်ပြီး Basement အပါအဝင် ငါးထပ်အဆောက်အအုံ ဖြစ်သည်။ အဆိုပါ လေဆိပ်အဆောက်အအုံသစ်ကို ကားရပ်နားရာနေရာမှ ဝင်ရောက်၊ ထွက်ခွာနိုင်မည့် အလျား ၁၀၁ မီတာ၊ အမြင့် ၂၄ ဒသမ ၄၈ မီတာရှိ Sky Link နှင့် ဆက်သွယ်ဆောက်လုပ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားပြီး Yangon Aerodrome ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဖြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး ရည်မှန်းချက်ကို အထောက်အကူပြုဖြည်ဆည်းပေးမည် ရန်ကုန်လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိက၊ အများပိုင်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာမှုရှိသည်စနစ်ဖြင့် တင်ဒါခေါ်ယူခဲ့ရာတွင် PAS Consortium သည် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တင်ဒါအောင်မြင်ခဲ့သည်။

PAS Consortium သည် Yangon Aerodrome Company Limited အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ခရီးသည် စုစုပေါင်း ခြောက်သန်း ဝင်ထွက် အသုံးပြုနိုင်သော လေဆိပ်ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ရန် Concession Agreement (CA)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် သဘောတူစာချုပ်ခဲ့သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ထွက်သွားလာနေသည် ခရီးသည်ဦးရေသည် ၂၀၁၄ ခုနှစ်အတွင်း ပြည်ပခရီးသည် ၂၉၁၅၆၆၈ ဦး၊ ပြည်တွင်းခရီးသည် ၁၄၇၉၁၄၇ ဦး စုစုပေါင်း ၄၃၉၄၈၁၅ ဦး ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်အတွင်း ပြည်ပခရီးသည် ၃၃၃၅၀၁၈ ဦး၊ ပြည်တွင်းခရီးသည် ၁၇၀၁၀၀၉ ဦး စုစုပေါင်း ၅၀၃၆၀၂၇ ဦးအထိ လျင်မြန်စွာတိုးတက်လာခဲ့ရာ ထိုသို့တိုးတက်မှုအရ ၂၀၁၇ ခုနှစ်တွင် မူလရည်မှန်းထားသော ခရီးသည် ခြောက်သန်းကို ကျော်လွန်သွားမည်ဖြစ်သည်။ သို့ဖြစ်၍ တစ်နှစ်လျှင် ခရီးသည်ဦးရေ သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်မည် လေဆိပ်စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် တိုးချဲ့ ဆောင်ရွက်သွားနိုင်ရေးအတွက် Amendment Agreement ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Yangon Aerodrome Company Limited တို့အကြား လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ယခု လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ၁၁ လိုင်းနှင့် ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်း ဝင်ရောက် ပြေးဆွဲလျက်ရှိပြီး လေကြောင်းလိုင်းသစ်များ ထပ်မံတိုးချဲ့ ဝင်ရောက်ပြေးဆွဲလာသည်နှင့်အမျှ ခရီးသည်များ ပိုမိုလာရောက်နိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)




လေယာဉ်မှူးလောင်း မောင်မင်းထက်ဦး၊ ကင်းထောက်လူငယ် မောင်ရဲစွမ်းရည်နှင့် ထူးချွန်လူငယ် မသိမ့်အိချိုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အသစ်နှင့်အတူ ဒေသတွင်း ပြန်လည်နိုးထလာသည့် မြန်မာ

**သတင်းဆောင်းပါး**
**ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နေလင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

ရန်ကုန် မတ် ၁၂

**နိုင်ငံတော်သမ္မတဟောင်း အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦး ကိုယ်တိုင် ၁၉၅၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ထိုခေတ်ထိုအခါက ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံများက ငေးမောကြည့်ရှုရလောက်အောင်ခေတ်မီခဲ့သည်။**

ယင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ပြေးလမ်း၊ သွားလမ်း၊ ရပ်နားလမ်းတို့ကို ၁၉၅၂ ခုနှစ်ကပင် ဒိန်းမတ်အခြေစိုက် Christiani & Nielsan (Thai) ကုမ္ပဏီခွဲကလည်းကောင်း၊ လေဆိပ်အဆောက်အအုံကို Norman & Dawbarn, Architect and Construction Engineers (London)က ပုံစံထုတ်၍ Bonner & Co. (Calcutta) through the General Engineering and Trading Co., Ltd. (Yangon) က လည်းကောင်း၊ ကြီးကြပ်ရေးလုပ်ငန်းများကို Tippetts Abbett Mc Carthy, Engineer (New York) က လည်းကောင်း တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရသိရသည်။

ထိုခေတ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုတည်းသာ ဒေသတွင်း နိုင်ငံများအကြားတွင် ခေတ်မီခဲ့သည်မဟုတ်။ ကိုလိုနီခေတ်လက်ရာ ရေးဟောင်းအဆောက်အအုံများနှင့် သန့်ရှင်းသာယာလှပသည့် ရန်ကုန်မြို့၏ ဥပမိရုပ်၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်နှင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည့် နိုင်ငံရေးဥပမိရုပ်နှင့် တောင့်တင်းခိုင်မာသည့် စီးပွားရေးဥပမိရုပ်အပါအဝင် မြန်မာ့ဥပမိရုပ်သည် ဒေသတွင်းနိုင်ငံများအကြားတွင် ခံ့ညားတည်ဝါခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနိုင်ငံများအကြားတွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ရှိခဲ့သည်။

သို့တစေ တစ်ပါတီ ဗဟိုဦးစီးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး နောက်ပိုင်းကာလများတွင်မူ ဆိုရယ်လစ်စီးပွားရေးစနစ် မအောင်မြင်ခဲ့မှုနှင့်အတူ မြန်မာ့ပါဝါသည် ဒေသတွင်း နိုင်ငံများအကြားတွင် အိမ်နိမ့်စံဘဝသို့ ရောက်သွားခဲ့ရသည်။

မြန်မာပါဝါလျော့ကျမှုနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အခန်းကဏ္ဍမှာလည်းဒေသတွင်းနိုင်ငံများ၏ ခေတ်မီလေဆိပ်ကြီးများကြားတွင် ပိဘိကလေးငယ်တစ်ဦးကဲ့သို့နှယ် အိပ်မောကျ နောက်ကျကျန်ရစ်ခဲ့ရသည်။

၂၀၁၆ ခုနှစ် မတ် ၁၂ ရက်နေ့က။

ရန်ကုန်-ပြည်လမ်းမမှတစ်ဆင့် လမ်းချိုးအတွင်းသို့ ဝင်လိုက်သည်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှကြိုဆိုပါ၏ ဟူသည့် မုခ်ဦး အလွန်မှစ၍ ကျယ်ဝန်းသည့် အဝိုင်းပတ်လမ်းမကြီးများနှင့်အတူ ခေတ်မီ လေဆိပ်အဆောက်အအုံကြီးကို လှမ်းမြင်လိုက်ရသည်။ လေဆိပ်အတွင်းပိုင်း၌လည်း ခေတ်မီစက်လှေကားများ၊ နီယွန်မီးရောင်များ၊ အေးဖြည်သည် လေအေးပေးစက်များ၊ ခရီးသည်များနားခိုရာ ခေတ်မီတိုင်ခုံများ၊ ခရီးသည်များကို ဝန်ဆောင်ပေးမည့် ခေတ်မီကောင်တာများဖြင့် ခံ့ညားတည်ဝါလှပသည် မြင်ကွင်းများကား ဆီးကြိုနေသည်။

ဤနေ့သည်ကား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခရီးသည် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပသည့် မြန်မာတို့၏မင်္ဂလာရှိသော နေ့တူးနေ့မြတ်တစ်ရပ်ဖြစ်လေသည်။

မြန်မာနိုင်ငံ အတွက်ထည်းသမိုင်းတစ်ခေတ် ပြန်လည်ဆန်းသစ်နိုင်ခဲ့ချေပြီ။ ဒေသတွင်း ပြန်လည်အားယူနိုးထလာသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခရီးသည် အဆောက်အအုံသစ်ဖွင့်ပွဲကမ္ပည်းမော်ကွန်း ကြေးပြားကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

"ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုအပိုင်းအနေနဲ့ တစ်နှစ်ခရီးသည် ၂ ဒသမ ၇ သန်း လက်ခံဆောင်ရွက်ပေးနိုင်မှုအနေအထားဟာ ၂၀၁၃ ခုနှစ်မှစတင်ပြီး အခက်အခဲများနဲ့ စတင်ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ ပြည်တွင်း လေကြောင်းလိုင်း ခုနစ်လိုင်း၊ ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်းတို့က သယ်ဆောင်လာတဲ့ လေယာဉ်စီးခရီးသည် စုစုပေါင်း ၄ ဒသမ ၇၀၄ သန်း၊ ၂၀၁၄ ခုနှစ် အတွင်းမှာ ၄ ဒသမ ၃၈၄ သန်းနဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ ၄ ဒသမ ၆၆၅ သန်းတို့ ဝင်/ထွက် သွားလာမှုအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာမှာ လေယာဉ်စီးခရီးသည်တွေအတွက် နေရာကျပ်တည်းမှု၊ လေယာဉ်များအတွက် လေယာဉ်ရပ်နားနေရာ လုံလောက်မှု မရှိတာတို့ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထိုကဲ့သို့ ဖြစ်ပေါ်လာမှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို Business Centre တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့ကို စီမံဆောင်ရွက်ခဲ့ရပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

ယခုဖွင့်လှစ်သည့် လေဆိပ်အဆောက်အအုံသစ်သည် အလျား မီတာ ၂၄၈၊ အကျယ် ၉၇ ဒသမ ၇ မီတာရှိ RC & Steel Building ဖြစ်ပြီး Basement အပါအဝင် ငါးထပ် အဆောက်အအုံဖြစ်သည်။ ခရီးသည် လေဆိပ်အဆောက်အအုံသစ်ကို ကားရပ်နားရာ နေရာမှ ဝင်ရောက်/ထွက်ခွာနိုင်မည့် အလျား ၁၈၀ မီတာ၊ အပြင့် ၂၄ ဒသမ ၄၈ မီတာရှိ Sky Link နှင့် ဆက်သွယ်ဆောက်လုပ်ထားကာ ခရီးသည် လေဆိပ် အဆောက်အအုံသစ်၏ Basement တွင် Arrival and Departure Baggage Handling ဧရိယာ၊ Check-in Hall & Counter ဧရိယာ၊ Arrival Immigration, Custom နှင့် Duty Free Shop ဧရိယာများ ပါဝင်သည်။ ပထမထပ်တွင် Passport Control Area, Security Check, Departure Gate Lounge နှင့် Duty Free Shop ဧရိယာများ၊ ဒုတိယထပ်တွင် Retail Area နှင့် တတိယထပ်တွင် Recreational Area များပါဝင်တည်ဆောက်ထားကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ Delco Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဦးက "ဒီလို လေဆိပ်ကြီးမျိုး၊ ဒီလိုအဆင့်မျိုးလိုအပ်နေတာကြာပြီ။ ခေတ်အဆက်ဆက်ကလည်း လေဆိပ်ကြီးတွေကိုချဲ့ဖို့၊ ပိုကောင်းအောင်လုပ်ဖို့ ကြိုးစားခဲ့ကြတယ်။ အခုမှတတယ့် အကောင်အထည်ပေါ်လာခဲ့တာပါ။ နှစ်စဉ်ပြည်ပကနေ စီးပွားရေးအရရော အလည်အပတ်အနေနဲ့ပါ နှစ်စဉ်ခရီးသည်တွေလာတာ ပိုများလာတယ်။ အရင်တုန်းက လေဆိပ်နဲ့သာဆိုရင်၊ ကိုင်တွယ်လုပ်ရမယ်ဆိုရင် ခက်ခဲမယ်။ ဒီနေ့ လေဆိပ်အဆောက်အအုံသစ်ကြီး ဖွင့်လိုက်တာက နိုင်ငံတိုးတက်လာတယ်။ မတိုးတက်လာဘူးဆိုတာ ဒါပြယုဂ်တစ်ခုပဲ။ မတိုးတက်ရင်မမြင်ရဘူး။ တိုးတက်လာတဲ့အတွက် ကြည်ပြီး ဝမ်းသာမိတယ်။ နောင် ဒီ့ထက်ပိုပြီး နိုင်ငံ တိုးတက်အောင်မြင်လာမယ်လို့ ယုံကြည်တယ်"ဟုပြောသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က "နိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေတယ်။ ခရီးသည်ဝင်ပေါက်ဖြစ်တဲ့ လေဆိပ်ကလည်း အင်မတန်အရေးပါတဲ့အတွက် လေဆိပ်လိုအပ်လာတာပါ။ အရင်တုန်းက ခရီးသည် သုံးသန်းလောက်ပဲ လေဆိပ်အဟောင်းက ဝင်ဆံ့ပြီး ဝင်တာထွက်တာကိုကိုင်တွယ်နိုင်တယ်။ အခုတော့ ခရီးသည် ခြောက်သန်းကနေ ၁၂ သန်းလောက်အထိ တိုးချဲ့ပြီး ဝင်နိုင်အောင် ဖွင့်လိုက်နိုင်တယ်။ ပို့ဆောင်ရေးကဏ္ဍက အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေတယ်။ ကမ္ဘာကြီးက ရွာကြီးလိုဖြစ်နေတော့ လေကြောင်းအများဆုံး အသုံးပြုပြီး သွားနေကြတဲ့အတွက် ခရီးသည်အများဆုံး လက်ခံနိုင်ဖို့ လေဆိပ်က မရှိမဖြစ်လိုအပ်တဲ့နေရာဖြစ်တယ်။ နိုင်ငံတကာ လေဆိပ်တွေရဲ့ စံချိန်စံညွှန်းနဲ့အညီ လေဆိပ်တွေကို ဖွင့်လှစ်ရတာဖြစ်တယ်။ အခုဖွင့်လှစ်လိုက်တဲ့လေဆိပ်အနေနဲ့ Terminal 1 ပေါ့။ နဂိုရှိတဲ့ အဟောင်းက Terminal 2 ဖြစ်သွားပြီး ပြည်တွင်းသွားလာဖို့အတွက် Terminal 3 ထပ်ဖွင့်သွားဖို့ရှိတယ်။ ဒီနေ့ ဖွင့်လှစ်လိုက်တဲ့အတွက် ခရီးသည်တွေ ပိုမိုလက်ခံလာနိုင်မယ်။ ခရီးသည်တွေလည်း သက်သောင့်သက်သာ သွားလာနိုင်မယ့်လေဆိပ်အဖြစ် အကျိုးပြုမှာပါ။ လေကြောင်း ပို့ဆောင်ရေးကဏ္ဍက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေတာဖြစ်တဲ့အတွက် ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ လေကြောင်းလိုင်းတွေ၊ လေဆိပ်တွေ အသစ်ဖွင့်လှစ်ပြေးဆွဲတယ်ဆိုရင် ပို့ဆောင်ရေးကဏ္ဍအတွက် အထောက်အကူပြုမှာဖြစ်ပါတယ်" ဟု ပြောသည်။

"နိုင်ငံတကာစံနှုန်းနဲ့ ချိန်ထိုးမယ်ဆိုရင် ဒီလေဆိပ်အဆောက်အအုံသစ် စတင်ဆောက်လုပ်ကတည်းက တည်ဆောက်မှုစနစ်ပိုင်း၊ ကိုင်တွယ်ထိန်းသိမ်းတဲ့စနစ်၊ ဝန်ဆောင်မှုပေးတဲ့ စနစ်အားလုံးကို ပေါင်းစပ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ လေဆိပ်ရေရှည်ရပ်တည်ဖွံ့ဖြိုးဖို့ နည်းပညာပိုင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုအားလုံးကို ရွေးချယ်တဲ့အခါမှာ ဂျပန်နိုင်ငံက နီပွန်ကိုအီ ကုမ္ပဏီနဲ့ပူးပေါင်းပြီး ရွေးချယ်တာဖြစ်ပါတယ်။ စံနှုန်းတွေနဲ့အညီ စစ်ဆေးပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီလေဆိပ်ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောသည်။

တစ်နှစ်လျှင် ခရီးသည်ဦးရေ သန်း ၂၀ ဝန်ဆောင်မှုပေးနိုင်မည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းကို အဆင့်(၃)ဆင့်ဖြင့် တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင် ပါဝင်ဖွဲ့စည်းထားသော Yangon Aerodrome Co., Ltd.ကို ရွေးချယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် Concession Agreement ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရန်ကုန်လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အကျယ်အဝန်းမှာ ၈၆၆ ဧကရှိပြီး ပထမအဆင့်တွင် တစ်နှစ်လျှင် ခန့်မှန်းခရီးသည်ဦးရေ ၁၂ သန်း၊ ဒုတိယအဆင့်တွင် တစ်နှစ်လျှင် ခရီးသည်ဦးရေ ၁၅ သန်းနှင့် တတိယအဆင့်တွင် ခရီးသည်ဦးရေ သန်း ၂၀ သတ်မှတ်ထားသည်။ စီမံကိန်းကာလမှာ နှစ်နှစ်နီးပါးကြာဖြင့်မည်ဖြစ်ပြီး စီမံကိန်း ကုန်ကျငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် ခန့်မှန်းထားကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ နိုင်ငံတကာလေဆိပ်သုံးခုရှိတယ်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်၊ နောက်အသစ်တည်ဆောက်မယ့် ဟံသာဝတီလေဆိပ်ရှိတယ်။ လောလောဆယ်ရှိနေတဲ့ နိုင်ငံတကာလေဆိပ်သုံးကွင်းရှိတဲ့အနက် ရန်ကုန်ကွင်းက စိန်ခေါ်မှုတွေရှိနေတယ်။ ပါကင်ဧရိယာနည်းနေတာရယ်၊ အဆောက်အအုံပိုင်းမှာ အားနည်းနေတာရယ်ပေါ့။ ဒါကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဒီရည်ရွယ်ချက်တွေနဲ့ လုပ်ခဲ့တာဖြစ်တယ်။ အခု တည်ဆောက်လိုက်တဲ့လေဆိပ်က နိုင်ငံသားတွေရဲ့ အတတ်ပညာနဲ့တည်ဆောက်ခဲ့တာဖြစ်တယ်။ နိုင်ငံသားတွေရဲ့ အတတ်ပညာက မနိမ့်ပါဘူး။ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်တယ်ဆိုတာ ဒီလေဆိပ်အဆောက်အအုံသစ်ကြီးက ပြသလိုက်တာပါပဲ။ မြန်မာနိုင်ငံကို နိုင်ငံခြားသား စိတ်ဝင်စားမှုရှိနေတဲ့အတွက် လာမယ့်နှစ်တွေမှာလည်း ခရီးသည်တွေက များနေဦးမှာပဲ။ ဒါကြောင့် ပြင်ဆင်စရာရှိတဲ့ အဆောက်အအုံပိုင်းကို အလေးထားပြီး ပြင်ဆင်နေတယ်။ ရန်ကုန်လေဆိပ်က တစ်နှစ်ကို ခရီးသည်ငါးသန်း ဝင်/ထွက်နေတယ်"ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က "ကောင်းမွန်တဲ့လေဆိပ်၊ နိုင်ငံသားတွေအတွက် အကျိုးများစေတဲ့လေဆိပ်ဖြစ်မှာပါ။ ခရီးသည်တွေထ နှစ်စဉ် တဖြည်းဖြည်း တိုးတက်နေတာကြောင့် အခုလိုလေဆိပ်အဝင်မှာတတည်းက သက်သောင့်သက်သာ အဆင်ပြေချောမွေ့စေဖို့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ လေဆိပ်ကြီး တစ်ခုလိုတယ်"ဟု ပြောသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာ ဦးညီညီမောင်က "ဒီကနေ့ ဖွင့်တာ ပတမတပ်နဲ့ ဒုတိယတပ်ဖွင့်တာပါ။ ဒီအတပ်တွေက ပြည်ပခရီးသည် ဆိုက်ရောက်ထွက်ခွာအတွက် အသုံးပြုဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အခုဖွင့်တာက Terminal 1၊ လက်ရှိသုံးနေတာက Terminal 2 လို့ သတ်မှတ်ပါတယ်။ ခရီးသည် ခြောက်သန်းမှန်းပြီး အဆင့်သုံးဆင့်နဲ့ဆောင် ရွက်နေတာပါ၊ နောက်ဆုံးအဆင့်မှာ ခရီးသည် သန်း ၂၀ အထိ ဝင်/ ထွက်သွားလာနိုင်မယ်လို့ ရည်မှန်းထားပါတယ်" ဟု ပြောသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ဖွင့်လှစ်ပွဲက ထိုတောင်းလှသည့်နှယ် တည်ဆောက်မှုများကလည်း အချိန်ကာလအားဖြင့် အချိန်တိုအတွင်းပြီးစီးခဲ့သည်။ သွားပါများ ခရီးရောက်ဆိုသို့နှယ် ကာလအတန်ကြာ အိပ်မောကျနေခဲ့သည့် ရန်ကုန်လေဆိပ်က ပစ္စုပ္ပန်တွင် ဒေသတွင်း ပြန်လည်နိုးထအားယူလာခဲ့ချေပြီ။

ထို့အတူ ဒေသတွင်းနိုင်ငံများကြားတွင် မြန်မာသည်တစ်ခေတ်တစ်ခါကကဲ့သို့ ခံ့ညားထည်ဝါမှုအပြည့်ဖြင့် ဦးဆောင်အခန်းကဏ္ဍ၌ပါဝင်ရန် ပြန်လည်နိုးထလာပြီဖြစ်ကြောင်း . . . . .။



ဒုတိယဝန်ကြီး ဦးဇင်ယော်



ဦးမင်းလွင်(ညွှန်ကြားရေးမှူးချုပ်)



ဦးညီညီမောင်(အထွေထွေမန်နေဂျာ)



ဦးညွန့်တင် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်)



ဦးဝင်းဦး (မန်နေဂျင်းဒါရိုက်တာ Delco Co.,Ltd.)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)







ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်အတွင်းပိုင်း ပြင်ဆင်ထားမှုများကို တွေ့ရစဉ်။ (အပေါ်ပုံ)၊ (အောက်ပုံ) နှင့် (ယာပုံ) (သတင်းစဉ်)



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဆိုက်ကပ်ရပ်နားလျက်ရှိသည့် လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (သတင်းစဉ်)




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံမျက်နှာစာ ညပိုင်းမြင်ကွင်းအလှကို တွေ့ရစဉ်။ (သတင်းစဉ်)

# အပြော-အရေး ကွာဟမှုများ (၂)



**မောင်ခင်မင်(ဓနုဖြူ)**

"စကားဆက်ရရင် 'သ'သံနှစ်သံရှိသလို'ဟ'သံလည်း နှစ်သံရှိတယ်ကွဲ့"

"ဟင်. . . ဟုတ်လားဆရာ။ သမီးတို့တော့ သတိမထားမိပါဘူး"

" 'ထမင်းဟင်း'တို့၊ 'ဟုတ်တယ်'တို့မှာပါတဲ့ ဟသံကိုတော့ မင်းတို့သိပြီးသားပါ။ အသံပျော့ဟသံပေါ့။ လူတစ်ယောက်ကိုလှမ်းခေါ်တဲ့အခါ 'ဟေ'လို့ ပြန်ထူးတဲ့ အသံက 'ဟင်း'မှာပါတဲ့ ဟသံနဲ့တူသလား"

"မတူပါဘူး ဆရာ။ အဲဒီ'ဟ'သံက အသံပြင်းပြင်း ဆိုရပါတယ်"

"ဟုတ်တယ်။ ပါးစပ်ကရုတ်တရက်ထွက်လာတဲ့ အာမေဍိတ်တွေမှာ အဲဒီအသံ ပြင်း'ဟ'သံကိုကြားရတယ်။ 'ဟာ . . . ဘယ်ပြစ်မလဲ'လို့ ပြောတဲ့ 'ဟာ'တို့'ဟင်း'ဆိုပြီး သက်ပြင်းချတဲ့ အသံတို့ပေါ့။ အဲဒီဟသံကိုလည်း တိတိကျကျခွဲပြီး ဖော်ပြဖို့လိုတာပေါ့။ ဒါပေမယ့် သိတဲ့အတိုင်း ဗျည်း ၃၃ လုံးမှာ ဟအက္ခရာတစ်လုံးတည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဒီတော့ အဲဒီခါန်မှာအသံထွက်တိတိကျကျပြဖို့ 'သ'မှာကိုပဲ ဟ အောက်က အကောက်ကလေးထည့်ပြီး 'ဟ'ဆိုတဲ့ အက္ခရာတစ်လုံး လည်းထွင်ထားရတယ်"

"နားလည်ပါပြီဆရာ"

"အဲဒီလိုအသံရှိပြီး စာလုံးအက္ခရာမရှိတာရယ်၊ အသံတစ်သံကိုဖော်ပြဖို့ စာလုံးတစ်လုံးထက် ပိုရှိနေတာရယ်၊ စာလုံးတစ်လုံးကို အသံတစ်မျိုးမက ထွက်နိုင်တာရယ်၊ အဲဒါတွေဟာ အပြောနဲ့အရေး ထပ်တူမကျတဲ့ ကွာဟချက်တွေပေါ့"

"ရှင်းပါပြီဆရာ။ ဒါဆို ဗျည်းပြီးရင် သရတွေကြည့်ရမယ်ထင်တယ်နော်"

"နေဦး၊ သရဆီမသွားခင် ကြည့်စရာရှိသေးတယ်။ သားတို့ သမီးတို့ ဗျည်းတွဲဆိုတာသိမှာပေါ့"

"သိပါတယ် ဆရာ။ ဗျည်းတွေမှာ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး တွဲရေးတာပါ"

"ဟုတ်ပါတယ်။ အဲဒီဟာတွေက ယ၊ ရ၊ လ၊ ဝ ဆိုတဲ့ဗျည်းလေးလုံးကို ပုံစံပြောင်းရေးပြီး ဗျည်းတွဲလုပ်ထားတာလေ။ ယက ယပင့်၊ ရက ရရစ်၊ ဝက ဝဆွဲ၊ ဟက ဟထိုး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ . . . စဉ်းစားကြည့်ရအောင်။ အဲဒီဗျည်းတွဲတွေမှာရော အသံတူ ဗျည်းတွဲတွေရှိတယ်မဟုတ်လား"

"ရှိပါထယ်ဆရာ။ ကျွန်တော်ပြောကြည့်ပါမယ်။ ကျနဲ့ကြ၊ ချနဲ့ခြ၊ ဂျနဲ့ဂြ ပါဆရာ"

"ရှိပါသေးတယ် ဆရာ။ ပျနဲ့ပြ၊ ဖျနဲ့ဖြ၊ ဗျနဲ့ဗြ၊ မျနဲ့မြလည်း ပါပါတယ်"

"ဒါဆို ယပင့်နဲ့ရရစ်က အသံတူတွေလို့ ဆိုရမှာပေါ့။ အဲဒီမှာ ဝဆွဲ တို့ ဟထိုးတို့ထည့်ရင်ကောကွယ်"

"သမီးသိပါပြီ။ ကျွနဲ့ကြွ၊ ချွနဲ့ခြွ၊ မျှနဲ့မြှတို့လည်း အသံတူပါတယ်"

"ဟုတ်ပါပြီ။ ရိုးရိုးဗျည်းတစ်ခုနဲ့ ဗျည်းတွဲတစ်ခု အသံတူတာလည်း ရှိသေးတယ်။ ညနဲ့ငြလေ။ ဒီတော့ ညနဲ့ငြလည်းအသံတူသွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီတော့ ဗျည်းတွဲတွေမှာလည်း အသံတူစာလုံးတွေ ရှိနေတာမို့ အရေးအတွက်ချင်း ထပ်တူမကျဘူးလေ"

"ရှင်းပါပြီဆရာ"

"ကဲ. . . ဒီလိုဆိုရင် သရတွေကိုကြည့်ရအောင်။ သရအက္ခရာမှာလည်း အသံတူသရတွေရှိတာ သိကြမှာပေါ့"

"သိပါတယ်ဆရာ။ ကျွန်တော်ပြောကြည့်ပါ့မယ်။ 'အ'ဆိုတဲ့ သရသံကို ရေးရင် 'အ'လို့လည်းရေးလို့ရပါတယ်။ 'အာ့'လို့လည်း ရေးလို့ရပါတယ်။

" 'အိ' က အသံတူစာလုံး ပိုများပါတယ် ဆရာ။ သမီးရေးပြပါ့မယ်။ (အိ၊ အိ၊ ဣ၊ ဣ၊ ဟုရေးပြသည်။)

"ဟုတ်ပါပြီ။ ကဲ. . . ဆရာက နှစ်လုံးထပ်ဖြည့်ဦးမယ်။ (အည့်၊ ဧည့်ဟု ရေးပြလိုက်သည်။)

"ဟာ. . . ဟုတ်တယ်နော် ဆရာ။ 'အိ'မှာ အသံတူ သရစာလုံးတွေ အများကြီးပါလား"

"ခြောက်လုံးတောင်ရှိတယ်လေ။ အင်း. . . အသံတူတွေများလေလေ၊ အပြောနဲ့အရေး ကွာဟတဲ့ကိစ္စမှာ ပြဿနာများလေလေပေါ့ကွယ်"

"ဆရာ . . အု-အူ-အူးနဲ့ ဥ၊ ဦ၊ ဦးလည်းအသံတူတွေပဲနော်"

"ကဲ. . . သားနဲ့သမီး စေ့စေ့စပ်စပ်ရှာကြည့်ပေါ့။ အသံတူသရအက္ခရာတွေ ထွက်လာမှာပါ။ အသတ်ပါတဲ့ သရတွေလည်းထည့်ရမှာနော်"

"တစ်ခုမေးပါရစေဆရာ။ အသတ်တွေက ကသတ်၊ တသတ်ဆိုတာမျိုး ဗျည်းတွေကိုသတ်ထားတာ မဟုတ်လား ဆရာ"

"အင်း . . . ဗျည်းပေါ်မှာ အသတ်တင်ထားတာပေါ့။ ဗျည်းနဲ့တွဲနေတဲ့သရကို သတ်ထားတာလေ"

"အဲဒီစာလုံးတွေက ဗျည်းနဲ့ဆုံးရက်သားနဲ့ ဗျည်းထဲမထည့်ဘဲ ဘာဖြစ်လို့ သရထဲ ထည့်ရတာပါလဲ ဆရာ"

"မေးစရာပဲ။ ဗျည်းနဲ့အဆုံးသတ်ထားပေမယ့် အဆုံးဗျည်းသံမထွက်ဘူးလေ။ သားတို့သမီးတို့ဆိုကြည့်ပါလား။ ကက်၊ ကတ်၊ ကန်ဆိုတဲ့စာလုံးတွေဟာ အင်္ဂလိပ်စာလုံးတွေလို cat, cut, can ဆိုတာမျိုး အဆုံးဗျည်းသံမထွက်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ရှေးတုန်းကတော့ အဲဒီစာလုံးတွေဟာအဆုံးဗျည်းသံထွက်ခဲ့ပုံ ရပါတယ်။ အခုအဆုံးဗျည်းသံမထွက်တော့ဘူးဆိုတော့ သရသံလို့ပဲသတ်မှတ်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီအသတ်ပါတဲ့ စာလုံးတွေမှာလည်း အသံတူစာလုံးတွေရှိတယ် မဟုတ်လား။ ဘာတွေပါလိမ့်"

"ဟုတ်ကဲ့ . . . တသတ်နဲ့ ပသတ်၊ နသတ်နဲ့ မသတ်တွေ အသံတူပါတယ်"

"ဟုတ်တယ်။ သေးသေးတင်ကလည်း မသတ်ရဲ့အတိုကောက်ဆိုတော့ အသံတူတာပဲလေ"

"ဆရာ ငသတ်နဲ့ ဥ ကလေးသတ်လည်း အသံတူတာပေါ့နော်"

"ဟုတ်ပါတယ်။ ပြီးတော့ ရှေ့မှာပြောခဲ့သလို လုံးကြီးတင်နဲ့ ညကြီးသတ်လည်း အသံတူတာဆိုတော့ အံ၊ အံ၊ အံနဲ့ အည့်၊ အည်၊ အည်းအသံ တူနေပြန်ရောလေ"

"ဆရာပြောပြတော့ သမီးတို့ မျက်စိပွင့်သွားပါတယ် ဆရာ။ အသံတူတဲ့ စာလုံးတွေကို ပြည့်စုံအောင် လေ့လာပါမယ်"

"နောက်ပစ်နဲ့ ယသတ်လည်း တူတာတွေရှိတယ်။ 'မဲ' နဲ့ 'မယ်' လိုဟာမျိုးပေါ့"

"ဟုတ်ကဲ့ပါဆရာ။ ဒီလိုဆိုရင် ဗျည်းမှာရော သရမှာရော အသံတူတဲ့ စာလုံးတွေဟာ အနည်းဆုံးနှစ်လုံးတော့ရှိမှာပဲနော်"

"အေးပေါ့။ ယပင့် ရရစ်ကွဲတာရော၊ အသတ်ကွဲတာရော ပေါင်းလိုက်ရင် အသံတူစာလုံးတွေ ပိုတောင်များလာသေးတယ်။ ကဲ- 'ကျင်' ဆိုတဲ့ အသံအတွက် အသံတူစာလုံးဘယ်နှစ်လုံးရှိနိုင်သလဲ။ စဉ်းစားပြီး ရေးကြည့်ကြစမ်းပါ။"

"ရေးပြီးပါပြီဆရာ။ ၄ လုံးရှိပါတယ်။ (ကျင်၊ ကြင်၊ ကျဉ်၊ ကြဉ် ဟု ရေးပြသည်။)

"ဒီတော့ ဒီအသံတူစာလုံး ၄ လုံးမှာ ဘယ်စာလုံးကို ဘယ်နေရာမှာ သုံးရမယ်ဆိုတာက အဓိပ္ပာယ်ပေါ်မှာ မူတည်တာပေါ့နော် ဆရာ"

"ဟုတ်တယ်။ ဘယ်စာလုံးက ဘယ်အဓိပ္ပာယ်ရှိတယ်ဆိုတာလည်း သိဖို့ လိုအပ်တာပေါ့။ အဲဒီ 'ကျင်' အသံတူစာလုံး လေးလုံးကို စဉ်းစားကြည့်လေ။ ဘယ်စာလုံးက ဘယ်အဓိပ္ပာယ်လဲ"

"ဟုတ်ကဲ့။ ကျင်ဆိုတာ နာကျင်တာပါ။ ကြင်ကတော့ ကြင်နာတာပါ"

"ဟုတ်ပြီ"

"ကျဉ်က ထုံကျဉ်တာပါ၊ ကြဉ်က ရှောင်ကြဉ်တာပါ"

"ဟုတ်ပြီ။ အဲဒီတော့ သားရဲ့ အလုပ်ဖြစ်တဲ့ နိုင်ငံခြားသားကို မြန်မာစာ သင်ရာမှာရော သမီးရဲ့ အလုပ်ပြစ်တဲ့ကွန်ပျူတာသုံး ပြန်မာစာမှာရောဆရာတို့ ခုဆွေးနွေးခဲ့တဲ့ စာလုံးတစ်လုံးကို အသံတစ်မျိုးမက ထွက်နိုင်တဲ့ အရေးတူ အသံကွဲ အချက်အလက်တွေရော၊ အသံတစ်သံကို စာလုံးပေါင်းပုံတစ်မျိုးမက ရေးနိုင်တဲ့ အသံတူအရေးကွဲအချက်အလက်တွေရော စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားဖို့လိုတာ အမှန်ပဲလေ။

"တစ်ခုမေးစရာရှိပါတယ်ဆရာ။ ဗျည်းတွေမှာတုန်းက ဗျည်းသံရှိပြီး ရေးဖို့စာလုံးမရှိတဲ့ ကွာဟချက်ကို ဆရာပြောပြလို့သိရပါပြီ။ 'သ'သံ ၂ သံ ရှိပေမယ့်'သ' အက္ခရာ တစ်ခုတည်းရှိတဲ့အကြောင်းပေါ့နော် ဆရာ။ သရတွေမှာရော အဲဒီလိုပဲသရသံရှိပြီး ရေးဖို့ စာလုံး မရှိတဲ့ ကွာဟချက်မျိုး ရှိပါသလားဆရာ"

"အေး. . . အဲဒီပြဿနာကို နောက်တစ်ကြိမ် ကျရင်ဆွေးနွေးဖို့ စဉ်းစားထားတာ။ အခုသမီးမေးတော့ စထားကြတာပေါ့။ သြော်. . . သမီးပဲ စမေးတဲ့ ပြဿနာလေ။ ရေးတဲ့စာလုံးတစ်လုံးကို အသံအပြည့် ဆိုရတာလည်း ရှိတယ်၊ အသံတစ်ဝက်ပဲ ဆိုရတာလည်းရှိတယ် ဆိုတာလေ"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီပြဿနာရဲ့အရင်းခံကအသံတစ်ဝက်ပဲထွက်ရတဲ့'အ'သရသံနဲ့ အသံအပြည့်ထွက်ရတဲ့ 'အ' သရသံကိုရေးဖို့ စာလုံးတစ်လုံးတည်းရှိတဲ့ ပြဿနာပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"ဆိုပါစို့ကွယ်။'လူအ'ဆိုရင်'အ'ကိုအသံ အဖြည့်ထွက်ရတယ်။ 'အလုပ်'ကျတော့'အ' ကိုအသံတစ်ဝက်ပဲထွက်ရတယ်။ ရေးတော့ 'အ' တစ်လုံးတည်းနဲ့ပဲ ရေးတယ်။ အဲဒီပြဿနာဟာလည်း တော်တော်ကြီးပါတယ်။ ကဲ. . . နောက်တစ်ကြိမ်ဆက်ပြောကြတာပေါ့"

---

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**၂၀၁၆ ခုနှစ်၊ မတ်လ(၁၀)ရက်**
**၂၀၁၅-၂၀၁၆ ပညာသင်နှစ်**
**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း**
**ကြေညာခြင်း**

၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အခြေခံပညာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်၊ အဋ္ဌမတန်းဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်လဗျာဂွမ်ရိန်အောင် | အထက(ခွဲ)၊ လ(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်စိုင်းခုန်မင်း | အထက-မိုင်းနား | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မခိုင်ယဉ်ယဉ်ထွန်း | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မနဖော့ဂျာထယ်အောင် | အထက(ခွဲ)၊ လ(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၅ | မောင်စိုင်းရှားအိမ် | အထက-ဟိုပင် | မိုးညှင်း | မိုးညှင်း |
| ၆ | မရွှေရည်သက်ထွန်း | အထက(၂) | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ချန်တန်ဗေးရီ | အထက(၁) | ရွှေကူ | ဗန်းမော် |
| ၈ | မသိမ့်ဟန်နီဇော် | အထက(၁) | ရွှေကူ | ဗန်းမော် |
| ၉ | မောင်ဖုန်ဇီအောင် | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၀ | မရင်ထန်ဆန်းဇီ | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်အောင်မျိုးကျော် | အထက-မယ်စဲ့ | မယ်စဲ့ | ဘော်လခဲ |
| ၁၂ | မနန်းရွှေရည်ဆန်း | အထက-ဘော်လခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၃ | မောင်စစ်မျိုးအောင် | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၄ | မပန်းဖြူဖြူဝင်း | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၅ | စောကျော်လှိုင်ချင်း | အထက-လှကာ | ဘားအံ | ဘားအံ |
| ၁၆ | မဆုဘရဏီ | အထက-လှိုင်းဘွဲ | လှိုင်းဘွဲ | ဘားအံ |
| ၁၇ | မောင်မျိုးသီဟဇော် | အလက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မခြူးခြူးခန့် | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မောင်ဗန်ကျဲအိအပ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မအီယန်ခွန်းတော်လ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ရမ်းမွေး | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မသဇင်ခိုင်ဝင်း | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်အောင်ကျော်မြတ် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မထန်းဟာရောင် | အထက-မကွေ့အမ်နူး | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကောင်းမင်းခန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |

*ဆက်လက်ဖော်ပြပါမည်*



# ၂၀၃၀ ပြည့်နှစ်တွင် ရေကို စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်သော နိုင်ငံဖြစ်ရေးကြိုးစားမည်

**သတင်းဆောင်းပါး-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရေကို စနစ်တကျစီမံခန့်ခွဲ သုံးစွဲနိုင်သော နိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

"အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ၂၀၃၀ ပြည့်နှစ်မှာ ရေကို စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ ကြိုးစားနေပါတယ်"ဟု ဦးထွန်းလွင်ဦးက မတ် ၈ ရက်တွင် စင်လရယ်ဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ဖော်ထုတ်ပြောကြားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိက မြစ်ကြီးများဖြစ်သည် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် မြစ်ချောင်းများစွာရှိရာ ယင်းတို့ကို အခြေခံ၍ ရေကို အကျိုးရှိစွာ အသုံးချနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်အောင် ခန့်မှန်းချက်ထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဓိက မြစ်ကြီးများအတွင်း ပို့ဆောင်ရေးရေယာဉ်များ ရာသီမရွေးသွားလာနိုင်အောင်ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများရေလမ်းကြောင်း ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကမ်းပါးပြိုကျမှုများ လျော့နည်းအောင်ဆောင်ရွက်ခြင်း စသည့်တို့သည် မြစ်ချောင်းများကောင်းမွန်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးကို ထိရောက်စွာ အသုံးချနိုင်ခြင်း၊ ရေချိုရရှိအောင်ဆောင်ရွက်ပေးခြင်းတို့သည်လည်း ရေကို စနစ်တကျစီမံခန့်ခွဲ၍ အသုံးချနိုင်ခြင်းဖြစ်သည်။ "ကျွန်တော်တို့အနေနဲ့ ဧရာဝတီ၊ ချင်းတွင်းစတဲ့ မြစ်တွေအတွင်း သွားလာနေတဲ့ သင်္ဘောတွေ ရေစီးကောင်းကောင်းနဲ့ ကုန်စည်ဝန်များ တင်ဆောင်ကာသွားလာနိုင်ဖို့၊ မြို့ရွာတွေမှာရှိတဲ့ ဆိပ်ကမ်းတွေ ရေတိုက်စားမှုကြောင့် နယ်နိမိတ်တွေ ဆုံးရှုံးမှုမရှိဖို့၊မြစ်ရေကို စိုက်ပျိုးရေသာမက သောက်သုံးရေအဖြစ် တစ်နှစ်ပတ်လုံး သုံးစွဲနိုင်ဖို့ ဒါတွေကတော့ အဓိတတာဝန်တွေဖြစ်ပါတယ်။ဒီအထဲတမှ အဓိကတာဝန်ကြီး နှစ်ရပ်ကတော့ ရေလမ်းကြောင်းကောင်းမွန်ဖို့နဲ့ မြို့ရွာများ ရေတိုက်စားမှုမှ ကာကွယ်နိုင်ဖို့ဖြစ်ပါတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရေယာဉ်များကုန်စည်များဖြင့် ရေလမ်းခရီးလမ်း စုစုပေါင်း ၆၆၅၀ ကီလိုမီတာရှိသည်။ ယင်းတို့တွင် ဧရာဝတီမြစ်မှာ ရန်ကုန်မှ ဗန်းမော်အထိ သွားလာနိုင်ပြီး ကီလိုမီတာအားဖြင့် ၁၅၃၄ မီတာရှိသည်။ ချင်းတွင်းမြစ်မှာ ၇၃၀ကီလိုမီတာ၊ ဧရာဝတီမြစ်ဝတွင် ၂၄၀၄ ကီလိုမီတာ၊ သံလွင်နှင့် မွန်ပြည်နယ်မြစ်များအတွင်း ၃၃၀ ကီလိုမီတာ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များတွင် ၁၆၀၂ ကီလိုမီတာ အစရှိသဖြင့် ရေလမ်းခရီး သွားလာနိုင်သည့် ကီလိုမီတာပေါင်း ၆၆၅၀ ကီလိုမီတာရှိကြောင်းသိရသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိ မြစ်ချောင်းများအတွင်း ရေနည်းကာလအဖြစ် သတ်မှတ်ထားပြီးကုန်စည်သင်္ဘောများသွားလာနိုင်သည့်ရေစူးတန့်သတ်ချက်နယ်မြေများ ထုတ်ပြန်ပေးထားရသည်။ ယင်းကာလများတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်များအတွင်း သင်္ဘောများ သွားလာနိုင်သည့်ရေစူးအနက်ကိုထုတ်ပြန်ပေးထားရသည်။ ဧရာဝတီမြစ်အတွင်း ဟင်္သာတနှင့် မြည်အကြား ရေစူး ၁ ဒသမ ၇ မီတာ၊ ပြည်နှင့်မန္တလေးအကြား ရေစူးအနက် ၁ ဒသမ ၅ မီတာ၊ မန္တလေးနှင့်ကသာကြား ရေစူး ၁ ဒသမ ၂ မီတာ ကသာနှင့် ဗန်းမော်အကြား ၁ ဒသမ ၁ မီတာနှင့် ဆင်ဘိုနှင့်မြစ်ကြီးနားကြား ၀ ဒသမ ၈ မီတာရှိကြောင်း သိရသည်။

ထို့အပြင် ချင်းတွင်းမြစ်အတွင်း ရေနည်းချိန်ကာလများတွင် ချင်းတွင်း မြစ်ဝနှင့် မုံရွာအကြား ရေစူး ၀ ဒသမ ၉ မီတာ၊ မုံရွာနှင့်ကလေးအကြား ရေစူး ၁ ဒသမ ၀ မီတာ၊ ကလေးဝနှင့် ဟုမ္မလင်းအကြား ရေစူးအနက် ၀ဒသမ ၉ မီတာနှင့် ဟုမ္မလင်းနှင့် ခန္တီးအကြား ၀ ဒသမ ၈ မီတာ ရေစူးများဖြင့်သာ ရေယာဉ်များအနေဖြင့် ခုတ်မောင်းသွားလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း အစရှိသောမြစ်ချောင်းများအတွင်း ကုန်စည်ပို့ဆောင်ရေး ရေယာဉ်များအပါအဝင် စုစုပေါင်း ရေယာဉ် ၂၄၀၀ သွားလာလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကမ္ဘာ့ဘဏ်၏ အကူအညီ ဒေါ်လာ သန်း ၁၀၀ ရရှိထားပြီး ပုဂံ ညောင်ဦးနှင့် မန္တလေးမြို့အကြား တစ်နှစ်ပတ်လုံး ရေလမ်းကြောင်း ကောင်းမွန်ရေး နိုင်ငံတကာပညာရှင်များနှင့်အတူ စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရေကို စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိအောင် မြစ်ချောင်းများကို ထိန်းသိမ်းရေး၊ ပြည်သူများမြစ်ချောင်းများမှ ရေကိုစိုက်ပျိုးရေနှင့် သောက်သုံးရေအဖြစ် သုံးစွဲနိုင်ရေးတို့အပါအဝင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရွှေ့ပြောင်း မြန်မာအလုပ်သမားများအတွက် သက်သေခံပန်းရောင်ကတ်များ ဆောင်ရွက်ပေးမည်

**ဝန်ကောက် မတ် ၁၂**





ထိုင်းနိုင်ငံအစိုးရမှ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် နေထိုင်ခွင့်သက်သေခံပန်းရောင်ကတ်(ဘတ်)များကို ဧပြီ ၁ ရက်မှ စတင်ကာဆောင်ရွက်ပေးတော့မည်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

မြန်မာအလုပ်သမားတစ်ဦးအတွက် ကတ်ပြီးလုပ်ဆောင်မှုအမှန်တကယ်ကုန်ကျငွေမှာ ပကန်စံခုမ် (လူမှုဖူလုံကြေး) နှစ်နှစ်စာအတွက် ငွေဘတ် ၃၇၀၀၊ ထော်ရော် ၃၈/၁ (နိုင်ငံခြားသားကိုယ်ရေးရာဇဝင်)အတွက် ငွေဘတ် ၈၀၊ WP (ယာယီအလုပ်လုပ်ခွင့်) နှစ်နှစ်စာအတွက် ငွေဘတ် ၁၉၀၀ တို့ဖြင့် ငွေဘတ်စုစုပေါင်း ၅၆၈၀ ကုန်ကျမည်ဖြစ်ကြောင်းနှင့် ကုန်ကျငွေများအား နိုင်ငံအတွင်းရှိ 7-Eleven မီနီမားကတ်များ၌ ပေးသွင်းနိုင်ကြကြောင်း ထိုင်းနိုင်ငံ နေစဉ်ထုတ် သတင်းစာတစ်စောင်မှ ထုတ်ပြန်ထားသည်။

အဆိုပါ ပန်းရောင်ကတ်(ဘတ်)များ မြုလုပ်ရာ၌ ထပ်ဆောင်းကုန်ကျငွေအဖြစ် ကားခ+ဝန်ဆောင်ခ (ပွဲစား) အပါအဝင် ခန့်မှန်းကုန်ကျငွေဘတ် ၆၅၀၀(သို့)၆၇၀၀(သို့) ၇၀၀၀ ခန့် ကုန်ကျနိုင်ကြောင်းနှင့် မိမိအလုပ်ရှင်နှင့် တိုက်ရိုက်လုပ်ဆောင်ကြသော မြန်မာအလုပ်သမားများမှာ ပုံမှန်ကုန်ကျငွေဘတ် ၅၆၈၀ ခန့်သာကုန်ကျနိုင်ကြောင်း၊ နိုင်ငံအတွင်း အသစ်ဝင်ရောက်အလုပ်ကိုင်ကိုင်ကြသည့် လူသစ်များအတွက်ကိုမူ လက်ရှိအနေအထားအရ အစီအစဉ်မရှိသေးကြောင်း၊ ဧပြီ ၁ ရက်တွင် ပြုလုပ်ပေးမည် နေထိုင်ခွင့်သက်သေခံပန်းရောင်ကတ်(ဘတ်)များ ဆောင်ရွက်ပေးမှုအစီအစဉ်၌ ယာယီနိုင်ငံကူးလက်မှတ်(အနီရောင်) သက်တမ်းခြောက်နှစ်ပြည့်ပြီးသူများ၊ ပြည့်မည့်သူများ၊ ယာယီနိုင်ငံကူးလက်မှတ် (ခရမ်းရောင်) လေးနှစ်ပြည့်ပြီးသူများ၊ ပြည့်မည့်သူများအပါအဝင် လက်ရှိ ပန်းရောင်ကတ်(ဘတ်)ကိုင်ဆောင်ထားကြသည့်သူများအတွက်သာအကျုံးဝင်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ စုံစမ်းသိရသည်။

**စိုးဝင်း(SP)**

# ပိတ်ချင်းမြောင်၌ ဘုရားဖူးကားကြီးများ ညအိပ်တည်းခိုခွင့် ပိတ်ပင်သင့်

**ပြင်ဦးလွင် မတ် ၁၂**

ပြင်ဦးလွင်သို့ လာရောက်လည်ပတ်နိုင်သည့် နေရာဒေသများစွာရှိနေသည့်အထဲတွင် ကျန်နေရာဒေသများတွင် ညအိပ်တည်းခိုခွင့်မရှိကြသော်လည်း မြို့နှင့် ၁၃ မိုင်ဝေးကွာသည် ပိတ်ချင်းမြောင်ရေတံခွန်တွင် ဘုရားဖူးကားများအား ညော့်စာရင်းတိုင်ကြားစေကာ ညအိပ်တည်းခိုခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ပိတ်ချင်းမြောင်ရေတံခွန်နှင့် လိုဏ်ဂူတော်သည့် လှပဆန်းကြယ်သော်လည်း မြို့နှင့်ဝေးကွာနေခြင်း၊ လမ်းကျဉ်းပြီး အတက်အဆင်းမတ်စောက်ခြင်း၊ သွားလာရောက်ဖူးခြင်းမရှိသေးသည် ယာဉ်မောင်းများအတွက် လမ်းကြောင်း ကျွမ်းကျင်မှုမရှိနိုင်သောကြောင့် မကြာခဏဆိုသလို ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်နေခြင်းတို့ကို တွေ့မြင်နေကြရသည်။ "ပိတ်ချင်းမြောင် လိုနေရာမျိုးတွေမှာ ဘုရားဖူးကားတွေ ညအိပ်တည်းခိုခွင့်မပြုသင့်ဘူး။ ဘာပဲပြောပြော ညအိပ်တည်းခိုခွင့်ပေးတယ်ဆိုတော့ မြို့ပေါ်မှာ တစ်နေကုန် မြင်မြင်ထင်ထင်သွားလာလည်ပတ်ကြပြီး ညအိပ်မယ့်အချိန် မှောင်မှ အဲဒီကိုသွားကြတာ။ မှောင်လည်းမှောင်၊ ယာဉ်မောင်းတွေကလည်း လမ်းမကျွမ်းကျင်ဆိုတော့ ယာဉ်မတော်တဆမှုတွေဖြစ်ပြီး မလိုအပ်တဲ့ သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုတွေ ဖြစ်ကုန်ကြရတယ်" ဟု ပြင်ဦးလွင်မြို့ခံတစ်ဦးက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**




ရန်ကုန် ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

ကိုလိုနီခေတ်လက်ရာ အဆောက်အအုံတွေဟာ ရန်ကုန်မြို့လယ်ကောင်မှာ လက်ညှိုးထိုးမလွဲအောင် များပြားလှပါတယ်။ တရားဝင်စာရင်းတွေအရ အဆောက်အအုံ ထောင်နဲ့ချီရှိပေမယ့် ပျောက်ပျက်တည်ရှိနေတဲ့လက်ရာတွေကတော့ အတော်နည်းနေပါပြီ။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကနေ ရှေးဟောင်းအဆောက်အအုံတွေကို ဦးဆောင်ထိန်းသိမ်းတာတွေ၊ ပညာပေးတာတွေ လုပ်နေတာကိုလည်း ကျယ်ပြန့်စွာမြင်တွေ့ရပါတယ်။

# အမေရိကန်စတိုင် ဆူရတီလူမျိုးတို့ရဲ့ အဆောက်အအုံ

သို့မဟုတ်

# ပြည်တွင်းအခွန်များဦးစီးဌာနရုံး




ဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ-ကိုလိုနီခေတ်အဆောက်အအုံမှတ်တမ်း

ကိုလိုနီခေတ်လက်ရာတွေထဲက ၁၉၂၀ ပြည့်နှစ် ဝန်းကျင်လောက်မှာပေါ်ပေါက်ခဲ့တဲ့ အမေရိကန်တို့ရဲ့ ဂန္ထဝင်ဆန်ဆန် ရိုးစင်းလှတဲ့အဆောက်အအုံတစ်ခုကို ရန်ကုန်မြို့လယ်က လမ်းထောင့်တစ်ခုမှာ တွေ့ရပါတယ်။ ဗြိတိသျှတို့ရဲ့သိမ်းပိုက်မှုကို ခံနေရတဲ့အချိန်မှာ အနောက်တိုင်း ဗိသုကာလက်ရာနဲ့ အိန္ဒိယဗိသုကာလက်ရာတွေဟာ ရန်ကုန်မြို့လယ်ရဲ့ အဆောက်အအုံအတော်များများကို လွှမ်းမိုးခဲ့ပါတယ်။ ထိုအထဲကမှ အမေရိကန်စတိုင် ယင်းအဆောက်အအုံဟာ ၁၉၃၂ ခုနှစ်မှာ ပန်းဆိုးတန်းလမ်းမနဲ့ ကုန်သည်လမ်းမကြီးထောင့်မှာ ပေါ်ထွက်လာခဲ့ပါတယ်။

ချီတာဂေါင်မြို့ရဲ့ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း အဆောက်အအုံတွေအတိုင်း ယင်းအဆောက်အအုံကို ငါးထပ်တည်ဆောက်ခဲ့ပါတယ်။ အဲဒီအဆောက်အအုံကိုတော့ Rander House လို့ ခေါ်ပါတယ်။ မူလပိုင်ရှင်ကတော့ ဆူရတီအိန္ဒိယလူမျိုးတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။

ဆူရတီလူမျိုးတွေဟာ မြန်မာဘုရင် မင်းတုန်းမင်းကြီးလက်ထက် ၁၈၅၄ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို စတင်ဝင်ရောက်လာခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေမှာ တွေ့ရပါတယ်။ အခြားသော ဆူရတီလူမျိုးတွေလိုပဲ ဆူရတီသူဌေးတစ်ဦးဟာ အဆောက်အအုံတစ်ခုကို ကုန်သွယ်ရေးလုပ်ငန်းအတွက်နဲ့ အခြားသော လူမျိုးတွေ အေးချမ်းစွာ တည်းခိုဖို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

အဆောက်အအုံရဲ့ ပုံသဏ္ဌာန်ဟာ အလွန်ရိုးစင်းပြီး ခေတ်အဆက်ဆက် ဆေးရောင်ပြောင်းသုတ်တာကလွဲလို့ ကြီးမားတဲ့ပြုပြင်မှု မရှိသလောက်ဖြစ်ကြောင်းလည်း သိရပါတယ်။ ငါးထပ်အဆောက်အအုံဖြစ်ပေမယ့် အပေါ်ဆုံးကို တက်ရဆင်းရလွယ်အောင် တည်ဆောက်ထားပြီး လသာဆောင်တွေလည်း ပါဝင်ပါတယ်။ အခင်းအကျင်းအားလုံးဟာ ရိုးစင်းလှတာမို့ ယနေ့ခေတ် ပုံမှန်အဆောက်အအုံတစ်ခုထက် ထူးခြားတဲ့အသွင်အပြင် မပါသလောက်ပါပဲ။ သို့သော် ခေါင်မိုးထိပ်ဖျားမှာထားရှိတဲ့ ကနုတ်လက်ရာတွေနဲ့ ထူးခြားတဲ့အဆောက်အအုံအမည်ကို ရေးထိုးထားပုံက အသက်ဝင်လှပါတယ်။ အလယ်တည့်တည့် ခန်းဆောင်သုံးနေရာစာကို ပင်မအဆောက်အအုံဒီဇိုင်းနဲ့ မြင်ရပြီး ဟောခန်းကျယ်တွေကြောင့်လည်း ပနံရတဲ့ ကိုလိုနီခေတ်လက်ရာတစ်ခုပါ။ သဘာဝနေရောင်နဲ့ လေဝင်လေထွက်ကောင်းမွန်စေတဲ့ အဆောက်အအုံတစ်ခုဖြစ်ပြီး တူညီတဲ့ ခန်းဆောင်ပုံစံတွေနဲ့သာ အရိုးစင်းဆုံးမြင်တွေ့ရပါတယ်။ ကြီးမားတဲ့ အဆောက်အအုံတစ်ခုဖြစ်ပြီး ထောင့်ချိုးတွေကို လှပတဲ့ ဒီဇိုင်းပညာနဲ့ အလှဆင်ထားတာကို ယနေ့တိုင် မြင်တွေ့နိုင်ပါတယ်။

အိန္ဒိယ ဆူရတီလူမျိုးတွေအတွက်တော့ ယင်းအဆောက်အအုံဟာ စခန်းချစရာနေရာတစ်ခုဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းမှာ စတင်တည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇိုင်းရေးဆွဲမှုတွေနဲ့ တည်ဆောက်ရေးအပိုင်းတွေကို ဆူရတီလူမျိုးတွေကိုယ်တိုင် လုပ်ကိုင်ခဲ့ကြပြီး သူတို့ရဲ့အဆောက်အအုံထဲကို အခြားလူမျိုးတွေ အရောက်အပေါက်နည်းခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်မှာတော့ အဆောက်အအုံကြီးကိုထားရစ်ပြီး ထောင်နဲ့ချီတဲ့ အိန္ဒိယနွယ်ဖွား ဆူရတီလူမျိုးတွေ မြန်မာနိုင်ငံကနေ ထွက်ခွာခဲ့ရပါတယ်။

လွတ်လပ်ရေးရပြီးချိန်တွေမှာတော့ ပါကစ္စတန်နိုင်ငံရဲ့ သံရုံးအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ မြန်မာအသင်းအဖွဲ့အချို့ဖြစ်တဲ့ မြန်မာနိုင်ငံ ဓာတ်ပုံဆရာများအသင်းနဲ့ အစုအဖွဲ့တွေနေရာယူထားပြီး အခြားသော ပုဂ္ဂလိကရုံးတွေကိုလည်း ဖွင့်လှစ်ထားခဲ့ပါတယ်။ ဒါ့အပြင် အချို့အစိုးရရုံးတွေကိုလည်း အဆောက်အအုံကြီးထဲမှာ ဖွင့်လှစ်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။

ဆိုရှယ်လစ်ခေတ်မတိုင်မီ အဆောက်အအုံကြီးပေါ်မှာ ဗြိတိသျှကောင်စီရဲ့ စာကြည့်တိုက်ကို ခွဲခြားဖွင့်လှစ်ထားခဲ့ပြီး ဆိုရှယ်လစ်ခေတ်အတွင်းမှာ ကမ်းနားလမ်းက ဗြိတိသျှသံရုံးမှာ ပြောင်းလဲဖွင့်လှစ်ဖို့အတွက် ပိတ်သိမ်းသွားပါတယ်။

အခုလက်ရှိမှာတော့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ရုံးစိုက်ရာ အဆောက်အအုံတစ်ခုဖြစ်လာခဲ့ပြီဖြစ်တဲ့အပြင် နှစ်ပေါင်း ၈၅ နှစ်သက်တမ်းရှိလာပြီဖြစ်လို့ ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းထားတဲ့အဆောက်အအုံတစ်ခုလည်း ဖြစ်ပါတယ်။

(မြန်မာ့အလင်း)




**သဘာဝနေရောင်နဲ့ လေဝင်လေထွက်ကောင်းမွန်စေတဲ့ အဆောက်အအုံတစ်ခုဖြစ်ပြီး တူညီတဲ့ ခန်းဆောင်ပုံစံတွေနဲ့သာ အရိုးစင်းဆုံး မြင်တွေ့ရပါတယ်။ ကြီးမားတဲ့ အဆောက်အအုံတစ်ခုဖြစ်ပြီး ထောင့်ချိုးတွေကို လှပတဲ့ ဒီဇိုင်းပညာနဲ့ အလှဆင်ထားတာကို ယနေ့တိုင် မြင်တွေ့နိုင်**

# မော်လမြိုင်သို့ တစ်ခေါက်

## ခ ရီး သွား ဆေ ာ င် း ပါ း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောစ်ချစ်ကြည်



● မော်လမြိုင်မြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၅၈၄ ပေ အမြင့်တွင် တည်ရှိပြီး မြန်မာနိုင်ငံတွင် စတုတ္ထအကြီးဆုံးမြို့လည်းဖြစ်သည်။ ရန်ကုန်မြို့ အရှေ့ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာတွင် တည်ရှိပြီး သံလွင်မြစ်ဝတွင် တည်ရှိကာ မြန်မာနိုင်ငံ၏ အရှေ့တောင်ထက်ရှိ ဆိပ်ကမ်းမြို့လည်းဖြစ်သည်

*မုတ္တမကိုဖြတ်ကျော်လိုက်သည်နှင့် သံလွင်တံတား(မော်လမြိုင်)ကို မြင်တွေ့ရသည်။ လမ်းနှစ်ခွပုံသဏ္ဌာန် တံတားအဝင်က အမြင့်ထူးခြားနေသလို မြန်မာနိုင်ငံ၏အရှည်ဆုံးတံတားများတွင် ကစ်စင်းဝါဝင်သည့်အတွက် စိတ်ဝင်စားစရာဖြစ်သည်။ မွန်ပြည်နယ်မြို့တော် မော်လမြိုင်နှင့် တစ်နိုင်ငံလုံးချိတ်ဆက်သွားနိုင်သည့်အပြင် ထားဝယ်၊ မြိတ်နှင့်ရေးတို့အထိပါ သွားလာနိုင်သည့်တံတားဖြစ်သည်။ တံတားပေါ် မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်ရင်း သံလွင်မြစ်ကိုလှမ်းကြည့်မိသည်။ ရေစီးသန်သောသံလွင်ဖြစ်ပေါ်တွင် စုန်ဆန်ခုတ်မောင်းသွားလာနေသော ရေယာဉ်ကြီးငယ်များကို မြင်တွေ့ရသည်။ တံတားကိုကျော်ဖြတ်လိုက်သည်နှင့် ကားလမ်းဘေးတွင် ကွန်ကရစ်ဖြင့် အနိုင်အမာစိုက်ထူထားပြီး ကြေငြာများကပ်ထားသည့် မြို့အဝင်ဆိုင်းဘုတ်ကို မြင်တွေ့လိုက်ရသည်။ "မော်လမြိုင်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏" ဟူသော ကြိုဆိုရေးစာလုံးများက ထင်ထင်ရှားရှား။ ကျွန်တော် မော်လမြိုင်မြို့သို့ ရောက်ခဲ့ပြန်ပြီ။*

တာဝန်ဖြင့် မော်လမြိုင်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ညနေ ၄ နာရီခန့်ရှိနေပြီဖြစ်သည်။ မော်လမြိုင်မြို့အဝင်မှာပင် ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် သွားလာစည်ကားနေသည်ကို တွေ့ရသည်။ သံလွင်တံတား(မော်လမြိုင်)က မော်လမြိုင်မြို့တွင်းသို တိုက်ရိုက်လွယ်ကူစွာ သွားလာနိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ရာ တံတားဖြတ်ကျော်လိုက်သည်နှင့် မော်လမြိုင်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

မော်လမြိုင်မြို့ ကမ်းနားလမ်းဘက်သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ခဲ့ရာ စထရင်းဟိုတယ်ရှေ့ ကမ်းနားဘက် ပလက်ဖောင်းပေါ်တွင် ခရီးသွားဧည့်သည်များက စင်ရော်ငှက်များကို အစာကျွေးနေကြသည်ကို တွေ့ရသည်။ အပ်စလိုက်ပုံဝဲကာ ဧည့်သည်များကျွေးသောမုန့်များကို ရအောင်ဖမ်းယူ စားသောက်နေကြသည့် စင်ရော်ငှက်များက အချို့ လေထဲဝဲပျံလျက်၊ အချို့က ရေပြင်ပေါ်တွင် ကူးခတ်သွားလာလျက်ရှိသည်။ တစ်ခါတစ်ရံမှသာ လာရောက်လေ့ရှိသော စင်ရော်ငှက်များဖြစ်သည်ဟု သိရသည်။

ကျွန်တော်တို့ မော်တော်ယာဉ်ကို ခေတ္တရပ်ပြီး အောက်ဆင်းကာ မော်လမြိုင်ကမ်းနားလမ်းနှင့် စင်ရော်များ၊ ခရီးသွားဧည့်သည်များကို ဓာတ်ပုံမှတ်တမ်း ရယူခဲ့သည်။ ခပ်လှမ်းလှမ်းတွင် မော်တော်ယာဉ်ဖြင့် ကျွန်တော်တို့ ဖြတ်ကျော်ခဲ့သော သံလွင်တံတား (မော်လမြိုင်)ကိုလည်း လှမ်းမြင်ရသည်မှာ ပန်းချီကားတစ်ချပ်ကဲ့သို့ လှပနေသည်။ ညနေပိုင်းနေရောင်ကြောင့် သံလွင်ဖြစ်ရေပြင်တွင် ရောင်ပြန်ထနေရာ ငါးဖမ်းရေယာဉ်များက ဥဒဟိုစုန်ဆန်သွားလာနေသော မြင်ကွင်းနှင့် ပေါင်းစပ်လိုက်ပါက သဘာဝဆန်လွန်းသော ပန်းချီကားတစ်ချပ်ကဲ့သို့ဖြစ်နေသည်။

ကျွန်တော်တို့ ကားပေါ်ပြန်တက်ပြီး မော်လမြိုင်ကမ်းနားလမ်းအတိုင်း မောင်းနှင်လာခဲ့သည်။ မော်လမြိုင်ကမ်းနားလမ်းက နာမည်ကြီးသည်။ စျေးဆိုင်များ၊ စားသောက်ဆိုင်များ၊ စက်လှေနှင့် သင်္ဘောများပေါ်သို့ ကုန်တင်ကုန်ချနေမှုများ၊ ခရီးသည် စက်လှေများ၊ စျေးရောင်းစျေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ သံလွင်မြစ်ကို မျက်နှာမူလျက် တည်ဆောက်ထားသည့် အကောက်ခွန်ရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို တွေ့မြင်ရသည်။ အဆင့်မြင့်ဟိုတယ်အချို့တွင် နိုင်ငံခြားခရီးသွားဧည့်သည့်အချို့ ဝင်ထွက်သွားလာနေကြသည်ဖြစ်ရာ မော်လမြိုင်မြို့သည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မပြတ်တမ်း လာရောက်လေ့ရှိသည့်မြို့ဖြစ်ကြောင်း သိရသည့်။

မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် ရေတမာပင်ပုလေးများ စိတန်းစိုက်ပျိုးထားသည့်အပြင် လူသွားလမ်းပလက်ဖောင်းကိုလည်း စနစ်တကျ ဖြူလပ်ထားရာ သန့်ရှင်းသပ်ရပ်နေသည်။ အချို့နေရာများတွင် အပန်းဖြေအနားယူသူများအတွက် အဆင်ပြေစေရန် ထိုင်ခုံလေးများ တည်ဆောက်ပေးထားသည်ကိုလည်း တွေ့ရသည်။ သံလွင်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေကို ရှူရှိုက်ရင်း ဘိလူးကျွန်းကိုလည်း လှမ်းမျှော်ကြည့်ရှုခံစားနိုင်သည်။ ကျွန်တော်တို့က တာဝန်ဖြင့်လာရောက်ခြင်းဖြစ်ရာ သက်ဆိုင်ရာဌာနသို့ သတင်းပို့ပြီး နောက်နေ့အတွက် အစီအစဉ်များ ညှိနှိုင်းကာ တည်းခိုရာနေရာသို့ ထွက်လာခဲ့ကြသည်။

မော်လမြိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၄ ပေ အမြင့်တွင် တည်ရှိပြီး မြန်မာနိုင်ငံတွင် စတုတ္ထအကြီးဆုံးမြို့လည်းဖြစ်သည်။ ရန်ကုန်မြို့ အရှေ့ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာတွင် တည်ရှိပြီး သံလွင်မြစ်ဝတွင် တည်ရှိကာ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ရှိ ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ မွန်ပြည့်နယ်၏ အဓိကကုန်သွယ်မြို့ဖြစ်ရာ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးသော မြို့ဖြစ်သည်။ ဗြိတိသျှခေတ်တွင် ၁၈၂၆ ခုနှစ်မှ ၁၈၅၂ ခုနှစ်အထိ မြန်မာနိုင်ငံ၏ မြို့တော်အဖြစ်ရပ်တည်ခဲ့သည့်မြို့ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ တည်းခိုရာနေရာ၌ ရေချိုးပြီးနောက် မြို့ထဲသို့မော်တော်ယာဉ်ဖြင့် လှည့်လည်လေ့လာခဲ့သည်။ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းများဖြစ်ပြီး မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမောင်းနှင်ကြသည်ကို တွေ့ရသည်။ နေအိမ်များမှာ အထပ်နိမ့် တိုက်တာအဆောက်အအုံများဖြစ်ပြီး အထပ်မြင့်တိုက်တာများ မရှိသလောက် နည်းပါးသည်ကို တွေ့ရသည်။ အဓိကအားဖြင့် အရောင်းအဝယ်လုပ်ကိုင်ကြသူများသည်ကို သတိပြုမိသည်။ စူပါမားကတ်အချို့ တည်ဆောက်နေရာ မကြာမီကာလအတွင်း စျေးရောင်းစင်တာကြီးများထွက်ပေါ်လာတော့မည်ဟု တွေးမိသည်။

ကျွန်တော်တို့ ညစာစားရန် ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့ပြီး မြန်မာထမင်းဟင်းများကို မှာစားခဲ့ကြသည်။ ငါးပတ္တာကို ဆီကျန် ရေကျန် ချက်ထားသော ဟင်းဖြင့်စားရာ ခံတွင်းတွေ့လှသည်။ ပဲဟင်းချို တို့စရာ အစုံအလင်၊ ခရမ်းသီးနှပ်၊ ငရုတ်သီးကြော်၊ မျှစ်ကြော်စသည်တို့ကို အပ်ထပ်တောင်းကာ အရံဟင်းများပေါ်သမြင့် စားသောက်ရသည်မှာ ဖွယ်ဖွယ်ရာရာမြင့် မြိန်လှသည်။ ဒါကြောင့်မြစ်မည်။ မော်လမြိုင်အစား၊ မန္တလေးစကား၊ ရန်ကုန်အကြွားဟူသောစကား တွင်ကျယ်နေခြင်းကို လက်တွေ့အမြစ် လက်ခံရတော့မည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

**နေအိမ်များမှာ အထပ်နိမ့်တိုက်တာ အဆောက်အအုံများဖြစ်ပြီး အထပ်မြင့်တိုက်တာများ ပရှိသလောက်နည်းပါးသည်ကို တွေ့ရသည်။ အဓိကအားဖြင့် အရောင်းအဝယ် လုပ်ကိုင်ကြသူများသည်ကို သတိပြုမိသည်။ စူပါမားကတ်အချို့ တည်ဆောက်နေရာ မကြာမီကာလအတွင်း စျေးရောင်းစင်တာကြီးများ ထွက်ပေါ်လာတော့မည်ဟု တွေးမိသည်**



# အသည်းပုံပင်လယ်ရေပြာအိုင်နှင့် သဘာဝအလှ ကျွန်းပေါင်းစုရာဆီသို့

မောင်မောင်ကျော်စိုး(သတ္တဗေဒ)



**မြန်မာ့ဂုဏ်သတင်း သင်းပျံ့ကြိုင်လှိုင်စေသော အကြောင်းတရားများစွာအနက်မှ တနင်္သာရီပင်လယ်ကမ်းရိုးတန်းဒေသ သဘာပအလှသည် မြန်မာမက ကမ္ဘာသို့တိုင် ထင်ရှား လှသိများလှသည်။ မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းခရိုင်သည် ပွင့်လင်းလာသည် စီးပွားရေးမူပါဒများနှင့်အည် ကမ္ဘာလှည်ခရီးသွားလုပ်ငန်း တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာနေသည်မှာ ငြင်းဖွယ်မရှိ ပကတိအရှိတရားဖြစ်သည်။**

ကော့သောင်းခရိုင်အတွင်း မြန်မာမက ကမ္ဘာက စိတ်ဝင်စားကြသည့် သဘာဝအလှ ကျွန်းပေါင်းများစွာတည့်ရှိရာ ၄င်းတို့အနက်. . .

ကော့သောင်းမြို့မှ စက်လှေ (သို့) ရွက်လှေဖြင့် ခရီးနှင်သော် ခုနစ်နာရီခန့်ကြာမြင့်နိုင်ပြီး Speed Boat များဖြင့်သွားလာပါက နှစ်နာရီအတွင်းရောက်နိုင်သော အလွန်လှပသည့် သဲသောင်ပြင်များ၊ အောက်ချင်းငှက်၊ ဂျီလောင်၊ တောဝက်ကဲ့သို့ တိရစ္ဆာန်များ နှင့် သက်ရှိအများအပြား ရင်သန်နေထိုင်ရာ၊ ရေငုပ်၍ ပင်လယ်ရေအောက် သဘာဝရှုခင်းများအား ကြည့်ရှုနိုင်ရာ၊ ရေကူးခြင်း၊ တောင်တက်ခြင်း စသည် စွန့်စားဖွယ်ရာ၊ စိတ်လှုပ်ရှားစွယ်ရာ ရသများခံစားနိုင်ရာ၊ ခရီးသွားများ အေးချမ်းစွာ အနားယူအပန်းဖြေနိုင်သည့် မြန်မာအက်ဒမန် အဖြေစခန်းတည်ရှိရာ **ခရင်းစွကျွန်း ( Mc Cloud Island)။**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင် ရေငုပ်ပြီး ပင်လယ်ကြမ်းပြင် သဘာဝရှုခင်းများအား ကြည့်ရှုမှတ်တမ်းတင်ရန် လွန်စွာကောင်းမွန်ကြောင်း အသိအမှတ်ပြုခြင်းခံထားရသော ၊ ရေငုပ်သမားများအတွက် ရေအောက်ကျောက်လိုဏ်ဂူများ ပင်လယ်သဘာဝ ထူးဆန်းသည့် သက်ရှိမြောက်မြားစွာ လေ့လာမှတ်တမ်းပြုစုနိုင်သည့် စက်လှေဖြင့် ငါးနာရီကြာခရီးနှင်ရမည့် ကော့သောင်းမြို့၏ အနောက်ယွန်းယွန်းရှိ **အနောက်နီကျွန်း ( Western Rocky )။**

မြိတ်ကျွန်းစုများအတွင်း အမည့်ကျော်ကြားလှသော တိရစ္ဆာန်များ သဘာဝအလျောက်နေထိုင်ကျက်စားလျက်ရှိသည့် ကျွန်းပတ်လည်တွင် လှပသည့် သဲသောင်ကမ်းခြေများ၊ အရံကျွန်းငယ်ပေါင်းများစွာ ဝန်းရံလျက် ရေငုပ်၍ အလွန်လှပသည့် ပင်လယ်ရေအောက်ရှုခင်းများအား ကြည့်ရှုမှတ်တမ်းတင်နိုင်သည် **ကျွန်းဖီလာ (Great Swinton Island)။**

မြိတ်ကျွန်းစုများ၏ အပြင်ဘက်အကျဆုံး၊ အမြွာပူးတစ်ခုတည်းသောကျွန်းတစ်ကျွန်းဖြစ်သော၊ အလွန်လှပထူးဆန်းသည် ကျောက်ဆောင်များဖြင့် သဘာဝအတိုင်း ဖွဲ့စည်းတည်ရှိနေပြီး မှန်သားကဲ့သို့ကြည့်လင်လှသည် ပင်လယ်ရေပြင်ကြောင့် ရေငုပ်၍ ပင်လယ်ကြမ်းပြင်သဘာဝရှုခင်းများ ကြည့်ရှုခံစားလေ့လာမှတ်တမ်းတင်နိုင်သည် **မြောက်တော်ဝင်ကျွန်း (North Twin Island)။**

ရွက်လှေများဖြင့် လာရောက်လည်ပတ်သည် ကမ္ဘာလှည့်ခရီးသွားများနယ်ပယ်တွင် အလွန်နာမည်ကြီးလှသည်၊ လုံခြုံစိတ်ချစွာ ကျောက်ချရပ်နားနိုင်ခြင်း၊ အလွန်လှပသည့် ပင်လယ်သဘာဝရှုခင်းများအား ကြည့်ရှုခံစားနိုင်ခြင်း၊ ရေကူးခြင်း၊ ရေငုပ်၍ ပင်လယ် ကျောက်ပန်းကျောက်ခက် မျိုးစိတ်ပေါင်းများစွာအား တစ်နေရာကည်းတွင်တွေ့နိုင်ခြင်း၊ ငှက်ကြည့်သမားများအတွက် ပိန်ညင်းငှက်နှင့် အခြားငှက်မျိုးစိတ်များစွာအား ကြည့်ရှုလေ့လာမှတ်တမ်းတင်နိုင်သည် **၁၁၅ ကျွန်း ( 115 Island)။**

ပင်လယ်ပျော် ဆလုံလူမျိုးများနေထိုင်ရာ၊ ပင်လယ်ငါးများအပန်းဖြေရန် အကောင်းဆုံးအနေအထား ပတ်ဝန်းကျင်နှင့် လှပကျယ်ပြန့်သည့် သဲသောင်များရှိရာ၊ ရှားပါးလှသားမျိုးနွယ်စုတစ်ခုဖြစ်သည့် ဆလုံလူမျိုးများ၏ နေထိုင်မှုဓလေ့များအားလေ့လာမှတ်တမ်းတင်နိုင်သည် **ညောင်ဝီးကျွန်း ( Nyaung Wee Island)။**

သဘာဝအမျိုးသားအဏ္ဏဝါဥယျာဉ်ရှိရာ လမ်းပိကျွန်း၏ တောင်ဘက်နှင့် ညောင်ဝီးကျွန်း၏ မြောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိသည့် ကျွန်း၏မြောက်ဘက်တွင် မကြုံဂလက်ခေါ် ဆလုံကျေးရွာတည့်ရှိရာ၊ အလွန်လှပသည် ပင်လယ်ရေအောက်သဘာဝသန္တာကျောက်တန်းများ စွာတည်ရှိရာ ဆလုံလူမျိုးများ၏ သဘာဝထုံးစံများကို လေ့လာနိုင်သည် **ဘိုချိုကျွန်း (Bo Cho Island)။**

မြိတ်ကျွန်းစများတွင် နာမည်အကြီးဆုံးကျွန်းဖြစ်သည့် သဘာဝသားရဲတိရစ္ဆာန်များ၊ ရှားပါးသစ်ခွနှင့် ပန်းမန်သစ်ပင်များ၊ ရှားပါးငှက်မျိုးစိတ်များ၊ သုံးစင်းထက်ပိုမိုသည် လမ္ဘတောပေါ်ကရောက်ရာမြစ်ချောင်းများ တွေ့မြင်နိုင်မည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသားအဏ္ဏဝါဥယျာဉ်အဖြစ် ပြုစုပျိုးထောင် ထိန်းသိမ်းထားသည့် **လမ်းပိကျွန်း ( Lampi Island)။**

ကော့သောင်းမြို့မှ ၉၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး ထုံးကျောက်များဖြင့် သဘာဝအလျောက်ကာရံထားသည် ရေငန်ကန်ရှိရာ ရေတက်ချိန်တွင် ဝင်ရောက်ရန်မဖြစ်နိုင်ဘဲ ရေကျချိန်တွင် ရေကူး၍လည်းကောင်း ၊ Kayak လှေဖြင့် လည်းကောင်း လှော်ခတ်ဝင်ရောက်နိုင်ပြီး ရေငန်ကန်အတွင်း ကျောက်ဂူများထဲတွင် ကမ္ဘာကျော် အဖိုးတန် သဘာဝဇီဝဗိုးငှက်သိုက်များမြင်တွေ့ လေ့လာနိုင်သည့် **ကျောက်သင်ပုန်းကျွန်း (Kyauk Thin Pone Island)** များဖြစ်ကြသည့်။

ထို့အပြင် ကမ္ဘာလှည်ခရီးသွားလုပ်ငန်း နယ်ပယ်တွင် နောက်ဆုံးပေါ်ထင်ရှားကျော်ကြားလှသည့် ဆွဲဆောင်မှုအရှိဆုံး ၊ သဘာဝတရား၏ ပကတ်အရှိတရားအတိုင်း လွန်စွာလှပ တင့်မောစွယ်ဖြစ်တည့်လျက်ရှိသည့် ကော့သောင်းမြို့ အနောက်တောင်ဘက် ပင်လယ်ရေမိုင် ၂၈ မိုင်ခန့်အကွာ ဇာဒက်ကြီးကျေးရွာအုပ်စု အက်ဒမန်ပင်လယ်အတွင်း မြေသားလုံးဝမရှိသော မတ်စောက်သည့် သက်နုမ်းသင့်ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး ကျွန်းပေါ်သို့ တက်ရောက်ရန်ခက်ခဲသော ဧက ၁၂၀ အကျယ်ရှိပြီး ကျွန်းအလယ်ဗဟိုတွင် အချင်း ပေ ၃၀၀ ခန့်ရှိ သဘာဝအလျောက်ဖြစ်တည့်လျက် အသည်းနှလုံးပုံသဏ္ဌာန် ရေငန်အိုင်ကြီးရှိရာ **အဖိုးတန်ငှက်သိုက်ထွက်ရှိရာ ကြက်မောက်ကျွန်း(ခေါ်) Cock Comb Island** သည် ကမ္ဘာလှည့်ခရီးသွားများအကြား အထူးရေပန်းစားလျက်ရှိသည့်။

ကြက်မောက်ကျွန်း(ခေါ်) Cock Comb Island သို့ သွားရောက်လည်ပတ်လေ့လာနိုင်ရန် ကော့သောင်းအခြေစိုက် Grand Andaman Hotel Group မှ ၂၀၁၆ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ရည်ရွယ်ကာ နိုင်ငံတော်မှလေလံဆွဲယူ၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့်။

ယခုနှစ်ပိုင်းအတွင်း နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စက်တပ် ရွက်လှေများဖြင့်တစ်မျိုး ၊ အပျော်စီးဇိမ်ခံသင်္ဘောများနှင့်တစ်ဖုံ တဖွဲဖွဲလာရောက်လည်ပတ်လေ့လာလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ မှ ဒီဇင်ဘာလအတွင်း၌ အပျော်စီးစက်တပ်ရွက်လှေခရီးစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည့် ၃၂၄၈ ဦးခန့် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။



သဘာဝအနေအထား မပျက်ယွင်းသေးသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရှုမောဖွယ်ကျွန်းပေါင်းများစွာ တည်ရှိရာအရပ်၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု အနည်းဆုံး ကမ်းရိုးတန်းဒေသ၊ ကမ္ဘာလှည့်ခရီးသည်များ အထူးကြိုက်နှစ်သက်သည့် ကော့သောင်းခရိုင်အတွင်းမှ ပင်လယ်ကျွန်းစုများသည် စိမ်းလန်းထူထပ်သည့် အမြဲစိမ်း (Ever Green Forest) သစ်တောကြီးများ၊ ကမ္ဘာ့ရှားပါး ကုန်းနေ၊ ရေနေ ဇီဝမျိုးစုံမျိုးကွဲများ၊ ကျယ်ပြောညီညာ သန့်ရှင်းသာယာလှပသည် ပင်လယ်သဲသောင်ကမ်းခြေများ၊ အဏ္ဏဝါရေအောက် သန္တာကျောက်တန်း ရေမှော်ပင်အလှ များစွာဖြင့် သဘာဝအလှမပျက် တည်ရှိနေပေရာ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ မြန်မာ့သဘာဝ အလှများကို ခံစားရင်း၊ လတ်ဆတ်သန့်ရှင်းသည့် ပင်လယ်လေကို အားပါးတရရှူရှိုက်ရင်း ထူးခြားဆန်းကြယ်လှသည့် ရေမြေတောတောင် ပင်လယ်သတ္တဝါများစွာ၏ သဘာဝအလှတရားကို မျက်မြင်ကိုယ်တွေ့ခံစားနိုင်ကြစေရန် ကမ္ဘာတစ်လွှားမှ ခရီးသွားဧည့်သည်များ **အသည်းပုံပင်လယ်ရေပြာအိုင်နှင့် သဘာပအလှ ကျွန်းပေါင်းစုရာ ကော့သောင်းခရိုင်သို့** လာရောက်လည်ပတ်နိုင်ရေး တိုက်တွန်းဖိတ်ခေါ်အပ်ပါသည်။

မြန်မာ့ရိုးရာအားကစား

# မြန်မာပြည်ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံနှစ်ဦးရဲ့သင်္ကြန်ဖိုက် ခရီးစဉ်

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် မတ် ၁၂**

မြန်မာ့ရိုးရာလက်ဝှေ့ချစ်ပရိသတ်များကို ဆွဲဆောင်မှုအပြည့်ပေးနိုင်ခဲ့သည့် မြန်မာတို့၏ ရိုးရာသင်္ကြန်နှစ်သစ်ကူး အခါသမယတွင် စဉ်ဆက်မပြတ်နှစ်စဉ်ကျင်းပပေးနိုင်ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့သင်္ကြန်ဖိုက်သည်လည်း ပြည်သူများ၏ စိတ်ဝင်စား အားရုံစိုက်မှုကို နှစ်စဉ်ခံယူခဲ့ရပေသည်။ ထို့အတူ ယခုနှစ်တွင် ဆက်လက်ကျင်းပပေးမည့် ၂၀၁၆ သင်္ကြန်ဖိုက်သည်လည်း မြန်မာ့ရိုးရာလက်ဝှေ့ချစ်ပရိသတ်များကို အထူးတလည် ဖမ်းစားနိုင်မည့်ပွဲများ ပါဝင်နေသည်။ အကြောင်းမှာ မြန်မာ့ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံနှစ်ဦး၏ စွမ်းပကားကို အမှန်တကယ် ကြည့်ရှုခွင့်ရရှိကြမည်ဖြစ်သောကြောင့်ပင်။ အဆိုပါတွဲဆိုင်းနှစ်ဆိုင်းမှာဖြန့်မာအရှက် ရုရှားအခက်လို့ပြောလျှင် မှားမည်မဟုတ်------။




"အခုနှစ်သင်္ကြန်ဖိုက်မှာ လာရောက်ယှဉ်ပြိုင်ထိုးသတ်မယ့် ရုရှားနိုင်ငံသားနှစ်ဦးက အရင်ဒီကို လာရောက် ယှဉ်ပြိုင်ထိုးသတ်နေတဲ့ ရုရှားမွေထိုင်းတွေနဲ့ လုံးဝတူမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခုမြန်မာပြည် ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ရုရှားနှစ်ဦးဟာ မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံကအစ ကောင်းကောင်းလေ့လာသင်ယူပြီး ယှဉ်ပြိုင်ထိုးသတ်နေတဲ့ ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံနှစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ရိုးရာလက်ဝှေ့အပေါ်ထားရှိတဲ့ မူရင်းထုံးစံအတိုင်းပဲ ရိုးရာလက်ဝှေ့ဖွံ့ဖြိုး တိုးတက်ဖို့ကို ဒီက ကစားသမားတွေ ထက်မသာရင်တောင် နိမ့်မယ်ထင်တဲ့ ကစားသမားတွေကို ခေါ်ပြီးယှဉ်ပြိုင်ထိုးသတ်မှုကို ဘယ်တုန်းကမှ မလုပ်ခဲ့သလို နောင်လည်းလုပ်မှာမဟုတ်ပါဘူး။ ဒါက ရိုးရာလက်ဝှေ့အပေါ်ထားရှိတဲ့ ကျွန်တော့်စေတနာပါ"ဟု ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များအတွက် ပြည်ပပွဲကောင်းတွဲဆိုင်းများကိုသာ အမြဲမပြတ် ဦးဆောင်ကျင်းပပေးနေသည့် ပွဲစီစဉ်သူ ဦးဝဏ္ဏ(မာဂျေ)က ပြောသည်။

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရုက စီစဉ်သည့် ဧပြီ ၂ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပမည့် ၂၀၁၆ မက်(စ်)သင်္ကြန်ဖိုက် မြန်မာ-ရုရှား ရိုးရာလက်ဝှေ့ချန်ပီယံပြိုင်ပွဲကြီးတွင် ပြည်ပရုရှားမှ တွဲဆိုင်းနှစ်ဆိုင်း ပါဝင်သလို ပြည်တွင်းလေးချိုင်းချီအထူးစိန်ခေါ်ပွဲ တွဲဆိုင်းများလည်း ပါဝင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြည်ပငါးချီ ချန်ပီယံအထူးစိန်ခေါ်ပွဲများမှာ မြန်မာပြည်ဒင်္ဂါးရွှေအောင်လံဆု၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် လက်ရှိမြန်မာပြည် ချန်ပီယံ ထွန်းထွန်းမင်းနှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ လုဒ်ဝခ်ဒိုခ်ယန်(ရုရှား)၊ ဒင်္ဂါးရွှေအောင်လံဆုနှင့့် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူးနှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ဆပ်ရှာကော့ဗ် အာတမ်(ရုရှား) တို့ အထူးစိန်ခေါ်ပွဲများအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပြည်တွင်းငါးချီစိန်ခေါ်ပွဲများမှာ ရွှေမင်းရာဇာ(ရွှေကုက္ကို)နှင့် ဒေါင်းသည်းခြေ (အောင်မြန်မာ)၊ ရွှေမင်းဖြူ (ရွှေသောင်ရင်း)နှင့် သားအသည်းတစ်ပွင့် (ဗမာ့သွေး)၊ ထယ်ကြီး (STL) နှင့် ထွန်းလွင်မိုး(နဂါးမာန်) တွဲဆိုင်းတို့အပြင် လေးချီအထူး စိန်ခေါ်ပွဲ များမှာ ကျန်ကျောင်း(ဗမာ့သွေး)နှင့် ရွှေခြူးအောင် (ရွှေကုက္ကို)၊ ဆင်ရိုင်းလေး (ရွှေသောင်ရင်း)နှင့် ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယခု သင်္ကြန်ဖိုက်တွင် မြန်မာပြည်လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားလက်ဝှေ့ကျော် လုဒ်ဝခ်ဒိုခ်ယန်သည် အသက် ၂၉ နှစ်ရှိပြီး ကိုယ်အလေးချိန် ၈၀ ကီလို၊ အရပ်အမြင့် ၅ပေ ၁၀ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် နိုင်ငံတကာပွဲပေါင်း ၂၁ ပွဲတွင် ၁၉ ပွဲနိုင် နှစ်ပွဲသရေ ရလဒ်ဖြင့် ရှုံးပွဲမရှိ စံချိန်တင်ထားသည့် လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ ရရှိပိုင်ဆိုင်ခဲ့သည့် ဆုတံဆိပ်များမှာ ၂၀၁၂ ခုနှစ် ရုရှား နိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာ လက်ဝှေ့ငွေတံဆိပ်ဆု၊ ၂၀၁၃ ခုနှစ် ဥရောပ-အာရှမြန်မာ့ရိုးရာ လက်ဝှေ့ ချန်ပီယံ၊ ၂၀၁၅ ခုနှစ် ရုရှား မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံဆုများ ပိုင်ရှင်ဖြစ်သည်။ မာဂျက်မြင့်၍ သတ်လုံးသတ်ပုတ် စုံလင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

သင်္ကြန်ဖိုက်နှင့် ပတ်သက်၍ နဂါးမာန်ကလပ်မှ နည်းပြချုပ်ကိုကျော်စိုးကလည်း " ရုရှားက အခုလာထိုးမယ့် ကစားသမားတွေဟာ ပထမဆုံးအကြိမ် ဒီမြန်မာနိုင်ငံကိုလာထိုးတာဆိုပေမယ့် မကြာမီက လာထိုးတဲ့ မွေထိုင်းကစားသမားတွေနဲ့ လုံးဝတူမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခုရုရှားကစားသမားတွေရဲ့ ခေါင်းဆောင်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ဒင်္ဂါးရွှေအောင်လံလုပွဲမှာလည်း ရုရှားမြန်မာ့ရိုးရာလက်ဝှေ့သမား နှစ်ဦးဖြစ်တဲ့ ဆာရိကော့ဗ်နဲ့ဒါဗစ်တို့ကို ဦးဆောင်ပြီးလာရောက် ယှဉ်ပြိုင်ထိုးသတ်ဖူးတယ်။ အဲဒီတုန်းက ဆာရိကော့ဗ်ဟာ ဒီက လက်ဝှေ့ကျော်တွေကို အဆင့်ဆင့်အနိုင်ယူ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးတော့ ဒင်္ဂါးရွှေအောင်လံဆုကို ဆွတ်ခူးခဲ့တယ်။ အလားတူ ဒါဗစ်ကလည်း ဖိုင်နယ်ဗိုလ်လုပွဲမှာ စောငမန်းကို အငြင်းပွားဖွယ်ရာအမှတ်နဲ့ ရှုံးနိမ့်ပြီး ဒုတိယအောင်လံဆုရရှိခဲ့တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဘက်ကတော့ လုံးဝပေါ့ဆလို့ မရပါဘူး။ တူးတူး အနေနဲ့ကလည်း အခုကတည်းက ကြိုတင်လေ့ကျင့် ပြင်ဆင်မှုတွေကို စတင်လုပ်ဆောင်နေပါပြီ" ဟု ပြောကြားသည်။

အလားတူ မြန်မာပြည် ပထမတန်း လက်ဝှေ့ကျော် တူးတူး (နဂါးမာန်)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားနိုင်ငံသား ဆပ်ရှာကော့ဗ် အာတမ်သည် အသက် ၂၁ နှစ်ရှိပြီး ကိုယ်အလေးချိန် ၇၅ ကီလို၊ အရပ်အမြင့် ၆ ပေရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် နိုင်ငံတကာ ၂၆ ပွဲတွင် ၂၂ ပွဲနိုင် လေးပွဲရှုံးနိမ့်ထားသည်။

နိုင်ပွဲ ၂၂ ပွဲတွင် ၁၆ ပွဲအလဲထိုးဖြင့် အနိုင်ရထားသူလည်းဖြစ်သည်။ ရယူပိုင်ဆိုင်ခဲ့သော ဆုတံဆိပ်များမှာ ၂၀၁၃ ခုနှစ် ဥရောပ-အာရှ မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံ၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံရရှိထားသူဖြစ်၍ ရိုးရာလက်ဝှေ့နှင့်ပတ်သက်ပြီး ထိပ်တန်းအဆင့်တစ်ခုတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်သည်မှာ ပေါ်လွင်နေသည်။

"အခုလာရောက် ယှဉ်ပြိုင်ထိုးသတ်မယ့် ရုရှားလက်ဝှေ့ကျော်တွေက ရိုးရာလက်ဝှေ့ပိုင်းဆိုင်ရာ ဒူးတိုက်၊ တံတောင်ရိုက်၊ ဒူးပျံ၊ ခေါင်းရိုက်ကအစ ကမ္ဘာ့အဆင့်ရှိတဲ့သူတွေ။ သူတို့အနေနဲ့ ဒီကဗလာလက်သီးကို သုံးနေကျဖြစ်နေပြီ။ဒါကြောင့် ဒီကရိုးရာ လက်ဝှေ့သမားတွေအနေနဲ့ အတွေ့အကြုံရော၊ ပညာပိုင်းကအစ သူတို့နဲ့ဖလှယ်ခွင့်ရမှာဖြစ်တယ်။ ဒီပွဲအတွက် ဝင်ကြေးကိုလည်း ရိုးရာလက်ဝှေ့ချစ်ပြည်သူများ လူတန်းစားမရွေး ကြည့်နိုင်အောင် စျေးနှုန်းကို ပြည်တွင်းပွဲတွေထက် လျော့လျော့ပေါ့ပေါ့နဲ့ သတ်မှတ်ရောင်းချပေးသွားမှာပါ။ ကျွန်တော့်အနေနဲ့ စီးပွားရေးရှုထောင့်ကမကြည့်၊ တကယ်ရိုးရာလက်ဝှေ့အစဉ် တိုးတက်ဖို့ကိုပဲ ရှေးရှုပြီးပွဲတွေကို စီစဉ်ဖြစ်ပါတယ်"ဟု နိုင်ငံတစ်ဝန်း မျိုးဆက်သစ်ပွဲများကို အခမဲ့စီစဉ်ပေးနေသော ယခုသင်္ကြန်ဖိုက်ကိုစီစဉ်သည့် ဦးဝဏ္ဏက ထပ်မံရှင်းပြသည့်။

အဆိုပါ သင်္ကြန်ဖိုက်တွင် ပြည့်ပရုရှားတွဲဆိုင်းနှစ်ဆိုင်းတွင်ပင် ကုန်ကျစရိတ်သိန်းပေါင်း ၃၅၀ ကျော် ကုန်ကျမည်ဖြစ်သော်လည်း နိုင်ငံတစ်ဝန်းရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ရန် ရုပ်သံလိုင်းတစ်ခုမှ Live Show ပြသနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ တစ်နှစ်မှ တစ်ကြိမ်သာကြည့်ရှုခွင့်ရသည့် အဆိုပါသင်္ကြန်ဖိုက်ကို ရုံဝင်ကြေးအဖြစ် ပြည်သူအားလုံးပါဝင်ကြည့်ရှုနိုင်ရန် ငွေကျပ် ၃၀၀၀၀၊ ၂၀၀၀၀ နှင့် ၁၀၀၀၀ နှုန်းတို့ဖြင့်သာ သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အခုမြန်မာပြည် ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ရုရှားနှစ်ဦးဟာ မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံကအစ ကောင်းကောင်းလေ့လာသင်ယူပြီး ယှဉ်ပြိုင်ထိုးသတ်နေတဲ့ ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံနှစ်ဦး ဖြစ်ပါတယ်။**

(မြန်မာ့အလင်း)



မတ် ၁၃ ရက် (ယနေ့)တွင် ဖွင့်လှစ်သည့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် GIS နည်းပညာဖြင့် ထည်ဆောက်ခဲ့သော ၂၃၀/၆၆/၁၁ ကေဗွီ ဒဂုံ(အရှေ့) ပင်မဓာတ်အားခွဲရုံသစ်ကို တွေ့ရစဉ်။ သတင်း၊ စာမျက်နှာ-၅ (ဓာတ်ပုံ-သတင်းစဉ်)

# ရွှေဘို-မြစ်ကြီးနား ကားလမ်း ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

**မြစ်ကြီးနား မတ် ၁၂**

ကချင်ပြည်နယ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနကပိုင်သော လမ်းပေါင်း ၆၀ ရှိပြီး မိုင်အားဖြင့် ၂၃၁၈ မိုင် ၂ ဖာလုံ ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းများမှာ လမ်းပေါင်း ၁၆ လမ်း မိုင်ပေါင်း ၁၂၈၃ မိုင် ၁ ဖာလုံရှိပြီး ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းပေါင်း ၄၄ လမ်း မိုင်ပေါင်း ၁၀၃၅ မိုင် ၁ ဖာလုံရှိ သည်။

မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း ၁၁၇ မိုင်၊ ဗန်းမော်-မြစ်ကြီးနား-ဆဒုံ-ကန်ပိုက်ထီးလမ်း ၇၇ မိုင်၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း ၈၈

စာမျက်နှာ ၉ ကော်လံ ၁ ◆

# ချင်းယူနိုက်တက်၊ ရခိုင်နှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများရရှိ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် မတ် ၁၂**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ပထမနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ ချင်းယူနိုက်တက်၊ ရခိုင်နှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်အသင်းက Southern အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ထိုပွဲအနိုင်ရရှိခဲ့သောကြောင့် ရမှတ် ၁၄ မှတ်ဖြင့် ဇေယျာရွှေမြေအသင်း အပေါ် ထက်လှမ်းနိုင်ခဲ့ပြီး ယနေ့ ယှဉ်ပြိုင်မည့်ပွဲတွင် မကွေးအသင်း နိုင်ပွဲပျောက်ဆုံးခဲ့ပါက ယင်းအသင်းအပေါ်ကို ထပ်မံရောက်ရှိသွားမည်ဖြစ်သည်။ Southern အသင်းသည် ခုနစ်ပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရမှတ်သုံးမှတ်ဖြင့် ဇယားအောက်ဆုံးမှ မထက်နိုင်သေးဘဲ ထန်းဆင်းအန္တရာယ်အတွက် ဖိအားဝင်သွားပြီဖြစ်သည်။

နှစ်သင်းစလုံးအတွက် အရေးပါသောပွဲစဉ်ဖြစ်သောကြောင့် လှုစုံထုတ်ကာ ပွဲထွက်လာသည်။ ချင်းအသင်းတွင် ဆောင်လမန်မပါနိုင်သော်လည်း တိုက်စစ်ပိုင်းအားနည်းခြင်းမရှိဘဲ Southern အသင်းကို ဖိအားပေးနိုင်ခဲ့သည်။ အသင်းကြီးအချို့ကို သရေကစားနိုင်ခဲ့သည့် Southern အသင်းမှာ ပထမပိုင်းတွင် ပုံမှန်ခြေမရခဲ့ဘဲ ထောင့်ကန်ဘောမှ နှစ်ဂိုးအထိ ပေးခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းအတွက် အန်ဒါဆင်ဝက်စ်က ၃၇ မိနစ်တွင် ဂိုးစတင်သွင်းယူခဲ့ပြီး ဒုတိယဂိုးကို တိုက်စစ်မှူး မောရစ်က ၄၄ မိနစ်တွင် ခေါင်းတိုက်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် Southern အသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်ခဲ့သော်လည်း တိုက်စစ်ကစားပုံမထိရောက်သည့်အပြင် ချင်းယူနိုက်တက် နောက်တန်းကို

စာမျက်နှာ ၃ ကော်လံ ၅ ❍



Southern အသင်းမှ ရဲထွန်းနိုင်၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ချင်းယူနိုက်တက် ဂိုးသမား မွန်ထွယ်အောင် ကာကွယ်နေစဉ်။

## တနင်္ဂနွေဖတ်စရာများ


အမေရိကန်စတိုင် ဆူရဟီလူမျိုးတို့ရဲ့ အဆောက်အအုံ သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး
စာမျက်နှာ-၁၅

အသည်းပုံပင်လယ်ရေပြောအိုင်နှင့် သဘာဝအလှ ကျွန်းပေါင်းစုရာဆီသို့
စာမျက်နှာ-၁၈

ကင်ဆာကိုဖန်တီးနေသော ကွမ်းယာ
စာမျက်နှာ-၂၁



